# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၀၇၁)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်က ချမှတ်ထားတဲ့ ဦးတည်ချက်များကို သွေဖည်၍ အဂတိလိုက်စားမှု ကျူးလွန်သည့် မည်သူ့ကိုမဆို ကျောသားရင်သား မခွဲခြားဘဲ ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရမှာဖြစ်

### အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် Video Message

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

အားလုံး မင်္ဂလာပါ။

ယနေ့ ဒီဇင်ဘာလ ၉ ရက်နေ့မှာကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။



နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြုပြင်ပြောင်းလဲရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ အဂတိလိုက်စားမှုပြဿနာဟာ ကြီးမားတဲ့အဟန့်အတား ဖြစ်ပါတယ်။ မိမိတို့အစိုးရအနေနဲ့ အမျိုးသားအကျိုးစီးပွားကို အလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ မျှတမှု၊ တရားဥပဒေစိုးမိုးမှု စတဲ့ကောင်းမြတ်တဲ့အလေ့အထတွေ ပိုမိုမြင့်မားလာစေရေးကို မျှော်မှန်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာနဲ့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖



**ယနေ့ *ဖတ်စရာ***

ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရေး — ဆောင်းပါး — စာ ၆

တရုတ်နိုင်ငံက အဝေးထိန်းအာရုံခံ ဂြိုဟ်တုသစ် အာကာသအတွင်းသို့ အောင်မြင်စွာလွှတ်တင် — နိုင်ငံတကာသတင်း — စာ ၁၄

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)သို့ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ လာရောက်လေ့လာ — ပြည်တွင်းသတင်း — စာ ၁၆





# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

**(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



❖ *ရှေ့ဖုံးမှ*

စည်းကမ်းကောင်းမွန်ပြီး ဒီမိုကရေစီပြည့်ဝတဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ သန့်ရှင်းသောအစိုးရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်များ လိုအပ်ပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ကိုဖော်ဆောင်ရာမှာ အဂတိလိုက်စားမှုကင်းစင်ဖို့ လိုအပ်ပြီး အဂတိလိုက်စားမှုဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးအတွက် အဟန့်အတား ဖြစ်စေပါတယ်။ ဒ့ါကြောင့် အဂတိကင်းပြီး ကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်တည်ဆောက်နိုင်မှသာ နိုင်ငံတော်ဟာ ဘက်ပေါင်းစုံမှာ ဖွံ့ဖြိုးတိုးတက်လာပြီး အများပြည်သူရဲ့ လူမှုဘဝတွေဟာလည်း မျှမျှတတနဲ့ သာယာဝပြောလာမှာ ဖြစ်ပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရေတို၊ ရေရှည်လုပ်ငန်း စီမံချက်တွေ ချမှတ်ဆောင်ရွက်ဖို့လိုအပ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ပြတ်ပြတ်သားသားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းဟာ အဂတိလိုက်စားမှုကို ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ခြင်းဖြစ်သလို အဂတိလိုက်စားမှုအပေါ် သည်းခံခွင့်လွှတ်ခြင်း၊ နားလည်မှုပေးခြင်း၊ လျစ်လျူရှုခြင်းတို့ဟာ အားပေးရာရောက်တဲ့အတွက် လုံးဝမပြုလုပ်ကြဖို့ လိုအပ်ပါတယ်။

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းက သတ်မှတ်ထားတဲ့ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ ဦးတည်ချက်ကတော့ **"ဖြောင့်မတ်တည်ကြည်သောအနာဂတ်ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်၊ လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"** ဖြစ်ပါတယ်။ အဲဒီလို ဦးတည်ချက်နဲ့အညီ ကော်မရှင်အနေနဲ့ အနာဂတ်အတွက် အရေးပါတဲ့လူငယ်တွေကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းနဲ့ လူငယ်စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားပြီး အဂတိကင်းတဲ့ လူ့ဘောင်ဖြစ်လာအောင် စီစဉ်ဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း အသိပေးမှာကြားလိုပါတယ်။

ဖြောင့်မတ်တည်ကြည်မှုရှိခြင်းဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အဆောက်အအုံရဲ့ အရေးကြီးတဲ့မဏ္ဍိုင်တစ်ရပ် ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးဦး၊ လူ့အဖွဲ့အစည်းတစ်ရပ်ရပ်ရဲ့ စီးပွားရေးနဲ့ လူမှုရေးမှာ ယုံကြည်စိတ်ချရမှုနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေး၊ ကိုယ်စိတ်နှစ်ပါးချမ်းသာရေးနဲ့ သာယာဝပြောရေးတို့အတွက် ဖြောင့်မတ်တည်ကြည်မှုဟာ မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကို ထိရောက်မှုရှိစေဖို့အတွက် ဖြောင့်မတ်တည်ကြည်စွာ ဆောင်ရွက်မှုတွေကို အုပ်ချုပ်ရေးအပိုင်းမှာသာမက ဥပဒေပြုရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်ချက်တွေကို အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းတွေမှာသာမက လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ ပုဂ္ဂလိက ကဏ္ဍကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံတော်နဲ့ အများပြည်သူရဲ့ အကျိုးစီးပွားကို ကောင်းမြတ်တဲ့စိတ်စေတနာ၊ ဖြောင့်မတ်တည်ကြည်တဲ့ ကိုယ်ကျင့်တရားတို့နဲ့ ဆောင်ရွက်သွားစေနိုင်မှာ ဖြစ်ပါတယ်။

**"အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်လာရေးအတွက် ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့ပါးသွားအောင် အဂတိလိုက်စားမှု ဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေးတိုက်ဖျက်ရမှာဖြစ်သလို နောင်အနာဂတ်မှာ ပပျောက်သွားတဲ့အထိ လိုအပ်တဲ့ ပြင်ဆင်မှု၊ စီမံမှု၊ ဆောင်ရွက်မှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လည်း လိုပါတယ်"**

အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်လာရေးအတွက် ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေ လျော့ပါးသွားအောင် အဂတိလိုက်စားမှုဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေး တိုက်ဖျက်ရမှာဖြစ်သလို နောင်အနာဂတ်မှာ ပပျောက်သွားတဲ့အထိ လိုအပ်တဲ့ ပြင်ဆင်မှု၊ စီမံမှု၊ ဆောင်ရွက်မှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လည်း လိုပါတယ်။

အထူးအားဖြင့် အဂတိလိုက်စားမှုတွေဟာ ဘယ်လိုအကြောင်းအချက်တွေကြောင့် ဖြစ်ပေါ်လာရတာလဲဆိုတဲ့ အဂတိလိုက်စားမှုကို လက်ယပ်ခေါ်နေတဲ့ အခြေခံအရင်းအမြစ်တွေမှန်သမျှ ဖယ်ထုတ်နိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ အဲဒီလို ကြိုးစားတဲ့အခါမှာ ကိုင်တွယ်အသုံးပြုသူတွေက လိုအပ်သလို ဆွဲယူအသုံးချနိုင်တဲ့ ရှုပ်ထွေးပြီး လူအများ နားလည်ရခက်ခဲတဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကို အများပြည်သူ လွယ်ကူရှင်းလင်းစွာ သိရှိနားလည်နိုင်တဲ့ ဖော်ပြချက်တွေနဲ့ ပြုပြင်ဖို့ ကိစ္စရပ်တွေလည်း ပါဝင်လာမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်တွေ ရေးဆွဲရာမှာ ထည့်သွင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

မိမိတို့အစိုးရအနေနဲ့ ဒီ့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် **"တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"** ဆိုတဲ့ အမျိုးသားရေး ရည်မှန်းချက်နဲ့ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** ဆိုတဲ့ နိုင်ငံရေး ရည်မှန်းချက်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီအနေနဲ့ **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင်းတသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** ဦးတည်ချက်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ဖို့အတွက် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ဖို့၊ ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိဖို့၊ လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်တွေမှာ ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုပါတယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေမှာ ဖြစ်ပွားတတ်တဲ့ ရွေးကောက်ပွဲဆိုင်ရာ မလျော်ကန်တဲ့လုပ်ရပ်များနဲ့ ဥပဒေနဲ့ဆန့်ကျင်တဲ့ အပြုအမူများရှောင်ရှားပြီး အဂတိတရားကင်းရှင်းစွာနဲ့ သမာသမတ်ကျကျ၊ တရားမျှတပြီး လွတ်လပ်တဲ့၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲဖြစ်စေဖို့ တာဝန်ရှိသူများနဲ့ ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လည်း မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနဲ့ အကျင့်ပျက်ခြစားမှုတွေ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ အသိပညာပေးရေးနဲ့ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တွေကိုပါ ဟန်ချက်ညီညီ ချဉ်းကပ်ပြီး အလေးထား ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတော်က ချမှတ်ထားတဲ့ ဦးတည်ချက်များကို သွေဖည်၍ အဂတိလိုက်စားမှု ကျူးလွန်သည့် မည်သူ့ကိုမဆို ကျောသားရင်သား မခွဲခြားဘဲ ဥပဒေနဲ့အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒ့ါကြောင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ စပ်လျဉ်းတဲ့ အသိပညာတွေ တိုးပွားလာစေရေး၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိတဲ့ လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးတို့ကို အကောင်အထည်ဖော်ကြဖို့ လိုပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ အများအကျိုးဆောင်ရွက်ခြင်းနဲ့ ကိုယ်ကျိုးရှာခြင်းတို့အကြား မှန်ကန်စွာ ခွဲခြားနိုင်စေရေးနဲ့ အကျင့်ပျက်ခြစားမှုတွေ မရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနဲ့ ပြည်သူလူထုအားလုံးက ပူးပေါင်းပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတွေကို အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ ပြောကြားရင်း (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုလိုက်ရပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

- ❑ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရေတို၊ ရေရှည်လုပ်ငန်းစီမံချက်တွေ ချမှတ်ဆောင်ရွက်ဖို့လိုအပ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ပြတ်ပြတ်သားသားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်**
- ❑ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းဟာ အဂတိလိုက်စားမှုကို ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ခြင်းဖြစ်သလို အဂတိလိုက်စားမှုအပေါ် သည်းခံခွင့်လွှတ်ခြင်း၊ နားလည်မှုပေးခြင်း၊ လျစ်လျူရှုခြင်းတို့ဟာ အားပေးရာရောက်တဲ့အတွက် လုံးဝမပြုလုပ်ကြဖို့လို**

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူ များ၊ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက် ဖျက်ရေးဆိုင်ရာ ဗီဒီယို၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီး ချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### Video Message ကို ပြသ

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်း အနားအတွက် ပေးပို့သည့် Video Message ကို ပြသသည်။

**(နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် Video Message အား ရှေ့ဖုံးနှင့် စာ-၃ တွင် သီးခြားဖော်ပြထားပါသည်။ )**




အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အခမ်းအနားသို့ တက်ရောက်လာကြသူများ နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

### ကြိုးပမ်းအကောင်အထည်ဖော်

ထို့နောက် အမျိုးသားကာကွယ်ရေး နှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေ ဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံး ညီညွတ်ရေး၊ တိုင်းပြည်သာယာဝပြောရေး နှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူအခြေပြု နည်းလမ်းများဖြင့် နိုင်ငံတော် ပြုပြင်ပြောင်းလဲရေး တည်ဆောက်ရေး လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း၊ ထိုသို့ ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် အခြားအခြား သော အနှောင့်အယှက်၊ အဖျက်အမှောင့်၊ အခက်အခဲများနှင့်အတူ အဂတိလိုက်စား မှုသည်လည်း အဓိကအဟန့်အတား တစ်ခုဖြစ်နေသည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း။

### မလျော်ဩဇာသုံးခြင်းလည်းပါဝင်

အဂတိလိုက်စားမှုများသည် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးနယ်ပယ် အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဆက်နွှယ် ဖြစ်ပွားလျက်ရှိကြောင်း၊ အဂတိလိုက်စား မှုဆိုရာတွင် နိုင်ငံတော်ဘဏ္ဍာ၊ ငွေကြေး နှင့်ပစ္စည်းများကို အလွဲသုံးစားပြုမှုသာ မဟုတ်ဘဲ လုပ်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားပြုခြင်း၊ မလျော်ဩဇာသုံး ခြင်းလည်း ပါဝင်ပါကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြသူများ အနေဖြင့် အဂတိကင်းစင်သည့် နိုင်ငံ တစ်နိုင်ငံ ဖြစ်လာစေရန်အတွက် ကိုယ်ကျင့် သိက္ခာမြှင့်တင်ရေးသည် မရှိမဖြစ်လိုအပ် ချက်ဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ် ကြောင်း၊ ထို့ကြောင့် အနာဂတ်မျှော်မှန်း ချက်များချမှတ်ပြီး မဟာဗျူဟာစီမံချက် တွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် ရေးဆွဲ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ကို ခိုင်ခိုင်မာမာချမှတ်ထားရန်နှင့် အများ ပြည်သူတို့၏ မျှော်လင့်ချက်နှင့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေး ရည်မှန်းချက် များကို နီးကပ်နိုင်သမျှ နီးကပ်မှုရှိစေရေး ကြိုးစားအားထုတ်ရန် လိုအပ်ကြောင်း။

### ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်

အဂတိလိုက်စားမှုသည် ကိုယ်ကျင့် တရားဆိုင်ရာ အားနည်းချို့ယွင်းမှု၊ ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်သည် ဆိုသည်ကို ငယ်စဉ်ကတည်းက သိမြင် နားလည်ပြီး အဂတိလိုက်စားမှုပြုလုပ် ခြင်းသည် ရှက်ရွံ့စရာတစ်ခုဖြစ်ကြောင်း၊ အသိတရား ပြည့်ဝလာရန်အတွက် သွန်သင်ဆုံးမမှု၊ အသိပညာပေးမှုများ လိုအပ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေ အရွယ်ကစပြီး လူငယ်လူရွယ်များကို အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရား ပျက်ယွင်းမှုအဖြစ် သိမြင်နားလည်ပြီး ထိန်းသိမ်းရှောင်ကြဉ်နေထိုင်ကြစေရန် အသိပညာပေးမှုများကို ပိုမိုကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများကို ပညာသင်ကြားစဉ် အချိန်တွင် ကိုယ်ကျင့်တရားကောင်းမွန် ပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာတတ်သည့် အလေ့အထကောင်း များ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင် ပေးခြင်း၊ ကျောင်းသင်အတတ်ပညာများ သာမက စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန် ပြီး အသိပညာမြင့်မားရေး၊ တိုင်းချစ် ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်မြင့်မားရေးတို့ကို စနစ်တကျ လေ့ကျင့်သင်ကြားပေးခြင်း စသည်ဖြင့် စည်းကမ်းရှိသည့် ပညာတတ်လူသား အရင်းအမြစ်ကောင်းများကို မွေးထုတ် ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ် များ၊ ကောလိပ်များတွင် ဖြောင့်မတ် တည်ကြည်မှုဆိုင်ရာ ပညာပေးအစီအစဉ် များ၊ လူငယ်စကားဝိုင်းများကို ကော်မရှင် အနေဖြင့် အင်တိုက်အားတိုက် ကျင်းပ ပြုလုပ်နေသည်ကို တွေ့ရပြီး ပိုမိုတိုးတက် အောင် ဆောင်ရွက်သွားရန် မှာကြား လိုကြောင်း။

ကော်မရှင်အနေဖြင့် ဖြောင့်မတ် တည်ကြည်မှုဆိုင်ရာ ပညာပေးအစီအစဉ် များသာမက အစိုးရဌာနများတွင် အသေးစား အဂတိလိုက်စားမှုများ လျော့ပါးပျောက်ကွယ်စေရန်နှင့် ဌာန ဆိုင်ရာဝန်ဆောင်မှုများ ပိုမိုကောင်းမွန် စေရန် ရည်ရွယ်ချက်များနှင့် ပြည်ထောင်စု ဝန်ကြီးဌာန၊ အဖွဲ့အစည်းနှင့် တိုင်း ဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit – CPU) များ ဖွဲ့စည်းထားကြောင်း၊ ထို့ပြင် ပြည်သူများကို ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အကြံဉာဏ် များရယူသည့် ပြည်သူ့ထံမှ တုံ့ပြန်မှုရယူ ခြင်း အစီအစဉ် (PFP) ဆောင်ရွက်နေ သည်ကိုလည်း တွေ့ရှိရကြောင်း။

ထိုသို့ကောင်းမွန်သည့် ရည်ရွယ်ချက် ဖြင့် လုပ်ဆောင်မှုများသည် ဖြောင့်မတ် တည်ကြည်မှုနှင့် တရားမျှတမှုတို့ လွှမ်းခြုံ နေသည့် အနာဂတ်ကို တည်ဆောက်ရာ တွင် တစ်ဖက်တစ်လမ်းက အထောက် အကူပြုသည့်အတွက် လူသားတိုင်းခံစား ရရှိနိုင်မည့် အခွင့်အရေးများကို လက်လှမ်း မီစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာ သန်စွမ်းသည့် လူနေမှုဘဝကို ပိုင်ဆိုင် စေနိုင်မည်ဖြစ်ကြောင်း။

### အောင်မြင်စွာ အကောင်အထည်ဖော်

ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အစီ အစဉ်တွင်ပါရှိသည့် ရည်မှန်းချက်ပန်းတိုင် (၁၇)ခုထဲက ပန်းတိုင် (၁၆) ကိုအခြေခံပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံ ကိန်း MSDP မဟာဗျူဟာ ၁-၄ တွင် “ကောင်းမွန်သော အုပ်ချုပ်မှု၊ တာဝန်ယူ မှု/ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု မြင့်တင်ရေး” ကို ရေးဆွဲထားကြောင်း၊ ထိုသို့ရေးဆွဲချမှတ်ထားသည့် မဟာ ဗျူဟာနှင့်အညီ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကို ပိုမိုခိုင်မာအားကောင်းစေပြီး အဂတိ လိုက်စားမှုကင်းစင်သည့် အခြေခံ အုတ်မြစ်ပေါ်တွင် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တစ်ဦးတစ်ယောက် ကစပြီး ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်လာစေ ရန်နှင့် အဂတိလိုက်စားမှုကို လက်မခံ သော ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီး ဖော်ဆောင်နိုင်စေရေး ဦးတည်ဆောင်ရွက် ရန် လိုအပ်ကြောင်း၊ ကော်မရှင်အနေဖြင့် လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် အဂတိ လိုက်စားမှုကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ထိခိုက်မှု မရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေး ကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာပြီး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပိုမို တိုးမြှင့်ဆောင်ရွက်သွားရန် မှာကြားလို ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက် ရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အရေးပါသည့် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ ဝန်ထမ်းများသာမက ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးက အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားသည်။

### ဂါရဝပြုပေးအပ်

ယင်းနောက် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အား အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်တံဆိပ် အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူ များကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ထို့နောက်ပြည်ထောင်စုတရားသူကြီး ချုပ် ဦးသာဌေးက အဂတိလိုက်စားမှုတိုက် ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ ပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို လည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပန်းချီပြိုင်ပွဲတွင် အသက် အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြု ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြ သည်။

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေးပိုစတာပြိုင်ပွဲ အသက် ၂၁-၂၅အုပ်စုအလိုက်ပြိုင်ပွဲတွင် ပထမဆု ရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်အဖွဲ့ဝင်များ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၄ မှ

**ရှင်းလင်းတင်ပြ**

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမဆုရရှိခဲ့သည့် ဗီဒီယိုများကိုပြသပြီး ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် အမှုဆောင်ချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တစ်နှစ်တာဆောင်ရွက်မှု Video Clip ကို ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ ဖြောင့်မတ်တည်ကြည်မှု၊ စုံစမ်းစစ်ဆေးခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် စာအုပ်များကို လှည့်လည်ကြည့်ရှုကြသည်။

**ဦးတည်ချက်ဖြင့်
ကျင်းပခြင်းဖြစ်**

ယခုနှစ် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ကို "ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကို ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်၊ လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့" (Uniting with Youth against Corruption: Shaping Tomorrow's Integrity) ဦးတည်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာန ချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်လင်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အုတ်ခြစ်ညည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်လုံမြို့ ကွက်သစ်မှ ဝမ်အင်ဘုန်းတော်ကြီးကျောင်းသို့ ဆက်သွယ်ထားသည့် ကျောက်ချောလမ်းပေါ်၌ ၂၈၀၈ ပေ ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ရန်မှာကြားပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပင်လုံမြို့ရှိ လွိုင်လင်-လဲချား လမ်းမကြီးမှ မေတ္တာအေးရိပ်ဘုန်းတော်ကြီးသင်ပရဟိတ ပညာရေးကျောင်းသို့ ဆက်သွယ်ထားရှိသည့် ကျောက်ချောလမ်း တစ်မိုင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ပင်လုံမြို့ ကျက်သရေဆောင် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသည့် စေတီတော် ရင်ပြင်ပတ်လမ်း



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဟိုပုံးမြို့နယ် ဟွေ့ရေခေါက်-ဒုံလိတန်ကျေးရွာချင်းဆက် ၁၂ မိုင် ၂ ဖာလုံအနက် ၄ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

ကြွေပြားအသစ် လဲလှယ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်လုံ)၌ သင်တန်းကျောင်း ကျောင်းအုပ်၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး သင်ကြားပေးနေသော စာပေအတတ်ပညာများကို အပတ်တကုတ်လေ့လာသင်ယူသွားကြရန်၊ အတတ်ပညာများအပြင် ပြင်ပဗဟုသုတများကို လေ့လာဆည်းပူး၍ အသိပညာများ ဖွံ့ဖြိုးတိုးတက်အောင် အမှန်နှင့်အမှား ကွဲပြားစွာ ဝေဖန်ပိုင်းခြားနိုင်သော လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်၊ ဆရာ ဆရာမများနှင့် နည်းပြများအနေဖြင့် ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များအပြင် အတွေးအခေါ်၊ အသိအမြင်နှင့် အယူအဆကောင်းများ၊ ဗလငါးတန်နှင့်ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများဖြစ်အောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန် မှာကြားကာ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ ဟိုပုံးမြို့နယ် ဟွေ့ရေခေါက်-ဒုံလိတန် ကျေးရွာချင်းဆက် ကျောက်ချောလမ်း ၁၂ မိုင် ၂ ဖာလုံ အနက် ၄ ဖာလုံ ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးက ကလေးများ အတန်းပညာ သင်ကြားနေမှုနှင့် ကျောင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**လိုအပ်ချက်များကို ဖြည့်ဆည်းပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လူငယ်သင်တန်းကျောင်းရှိ ကလေးများ မူလတန်းပညာရေး သင်ကြားနေမှုကိုလည်းကောင်း၊ လူငယ်သင်တန်းကျောင်း ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသားအိပ်ဆောင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး(အပေါ်ပုံ) ကျောင်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် သင်တန်းကျောင်းအတွင်း ကျောင်းသားများအတွက် တစ်ပိုင်တစ်နိုင် စိုက်ခင်းများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် အီလက်ထရောနစ်သင်တန်း တက်ရောက်နေသော သင်တန်းသားများကို တွေ့ဆုံအားပေးစကား ပြောကြားပြီး သင်တန်းကျောင်းရှိ တံဆိပ်ရိုက်သင်တန်းခန်း၊ စက်ချုပ်သင်တန်းခန်း၊ ကွန်ပျူတာခန်းနှင့် ဆံသသင်တန်းခန်းများကို ကြည့်ရှုစစ်ဆေးသည်။

**အကျိုးရှိအောင်သင်ကြား**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ကျောင်းအုပ်ကြီးက သင်တန်းကျောင်းတွင် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည့် အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းမှ သင်ကြားပေးသော သင်တန်းများကို မသန်စွမ်းသူများအတွက် အကျိုးရှိအောင် သင်ကြားနိုင်ရေး၊ ရပ်ရွာအတွင်းတွင် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ သင်တန်းတက်ရောက်ပြီးသူများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအပါအဝင် လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရေး

မေသော်

❒ **မဲဆွယ်စည်းရုံးရေးသည် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ၎င်းတို့၏မူဝါဒများ၊ အစီအစဉ်များနှင့် ရည်မှန်းချက်များကို မဲဆန္ဒရှင်များထံ တိုက်ရိုက်တင်ပြနိုင်သည့် အခွင့်အလမ်းဖြစ်ပါသည်။ မဲဆွယ်စည်းရုံးရေးကာလအတွင်း ပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသဖြင့် ပြည်သူလူထု၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများနှင့် မျှော်လင့်ချက်များကို ပိုမိုနားလည်လာနိုင်သည့်အတွက် ၎င်းတို့၏မူဝါဒများကို ပြည်သူ့ဆန္ဒနှင့်အညီ ချိန်ညှိနိုင်**

❒ **မဲဆွယ်စည်းရုံးရေးသည် ဒီမိုကရေစီလုပ်ငန်းစဉ်၏ မရှိမဖြစ် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်းသည် တရားမျှတပြီး လွတ်လပ်သောရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး၏ သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှုကို အာမခံချက်ပေးနိုင်**

### မြန်မာနိုင်ငံနှင့် ရွေးကောက်ပွဲများ

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီးဖြစ်ပါသည်။ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် ရွေးကောက်ပွဲများကျင်းပခြင်းသည် အခြေခံအကျဆုံးနှင့် မဖြစ်မနေဖြတ်သန်းရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ လွတ်လပ်ရေးမရသေးမီ ဗြိတိသျှလက်အောက်ကျရောက်စဉ်အချိန်ကတည်းကစ၍ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲများ ကျင်းပခဲ့ကြပါသည်။ မြန်မာနိုင်ငံသည် ၁၉၂၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အထွေထွေရွေးကောက်ပွဲ ၁၇ ကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ် ကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ရွေးကောက်ပွဲများကို အများစုကိုယ်စားပြုစနစ် (Plurality/Majority System) များအနက်မှ အနိုင်ရသူအကုန်ယူစနစ်(FPTP)ကို ကျင့်သုံးခဲ့သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့အတွက် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် Mixed Member Proportional (MMP) စနစ်ဖြင့် ကျင့်သုံးသွားမည်ဖြစ်ပါသည်။

MMP စနစ်ဆိုသည်မှာ FPTP စနစ်၏ ရိုးရှင်းမှုနှင့် PR စနစ်၏ မျှတမှုတို့ကိုပေါင်းစပ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် စသည့် လွှတ်တော်သုံးရပ်တွင် တာဝန်ထမ်းဆောင်ကြမည့် ကိုယ်စားလှယ်များကို မဲဆန္ဒရှင်များက မဲပေးရွေးချယ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများ ကျင်းပပေးရခြင်းဖြစ်ပါသည်။

### နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခြင်း

ရွေးကောက်ပွဲဟုဆိုရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ချန်လှပ်ထား၍မရပေ။ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်း (Electoral Management Body) ဖြစ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က စီမံကြီးကြပ်ဆောင်ရွက်ကြရပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ တွင် နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု ပြဋ္ဌာန်းထားသည်။ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် နိုင်ငံရေးပါတီများသည် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ပါသည်။ နိုင်ငံရေးပါတီများသည် လွှတ်တော်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်ရပါမည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မှတ်ပုံတင်ပြီး နိုင်ငံရေးပါတီ ၅၇ ပါတီ ပါဝင်ယှဉ်ပြိုင်ကြပါမည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြည်သူ့လွှတ်တော်တွင် ၁၃၄၉ ဦး၊ အမျိုးသားလွှတ်တော်တွင် ၈၃၅ ဦး၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် ၂၇၃၃ ဦးနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော် မဲဆန္ဒနယ်အတွက် ၁၀၆ ဦး စုစုပေါင်း ၅၀၂၃ ဦး ကိုယ်စားလှယ်လောင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် အတည်ပြုထားပြီးဖြစ်သော်လည်း ရွေးကောက်ပွဲရက်မတိုင်မီ အချို့ကိုယ်စားလှယ်လောင်းများ သေဆုံးခြင်း၊ သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကြောင့် ကိုယ်စားလှယ်လောင်းအဖြစ်မှ ပယ်ဖျက်ခြင်းများရှိသဖြင့် ကိုယ်စားလှယ်လောင်းဦးရေပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ**ကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ကို လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

ပထမအကြိမ်ပြင်ဆင်သည့်ဥပဒေအရ **ပါတီဝင်ဦးရေစည်းရုံးရာတွင်** ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ "ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်" အတွင်း "ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀၀၀"ကို စည်းရုံးရပါမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက "ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀"ကို စည်းရုံးရပါမည်။

**ပါတီရန်ပုံငွေအဖြစ်** ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ကျပ်သိန်း ၁၀၀၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ကျပ်သိန်း ၁၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ရပါမည်။ **ပါတီရုံးခန်းဖွင့်လှစ်ခြင်း**နှင့်ပတ်သက်၍ ပြည်ထောင်စုတစ်ဝန်း စည်းရုံးမည့်ပါတီဆိုပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ "ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်"အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး သုံးပုံတစ်ပုံ၌ ပါတီရုံးခန်းဖွင့်လှစ်ပြီး ဖြစ်ရပါမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ထိုတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ငါးမြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်ပြီး ဖြစ်ရပါမည်။ ခိုင်မာအားကောင်းသည့် ပါတီများဖြစ်ရန်အတွက် သတ်မှတ်ထားသည့် ပါတီရန်ပုံငွေ၊ ပါတီဝင်အင်အားနှင့် ပါတီရုံးခန်းများ ရှိရမည်ဖြစ်ပါသည်။

ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေအရ **နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း**နှင့်ပတ်သက်၍ ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၀) ၏ နောက်တွင် ပုဒ်မခွဲငယ် (၁၁) အဖြစ် "ရွေးကောက်ပွဲတွင် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်ကြောင်း ကော်မရှင်က စစ်ဆေးတွေ့ရှိခြင်း" ဆိုသည့်အချက်ကို ထည့်သွင်းပြဋ္ဌာန်းထားသည်ကို သတိပြုရမည်ဖြစ်ပါသည်။

ထို့ပြင် နိုင်ငံရေးပါတီများအနေဖြင့် အထွေထွေရွေးကောက်ပွဲတွင် **ဝင်ရောက်ယှဉ်ပြိုင်မှုနှင့်ပတ်သက်၍** အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် "နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ"ကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုတတိယအကြိမ် ပြင်ဆင်သည့်ဥပဒေအရ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီများအနေဖြင့် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်မဲဆန္ဒနယ် အပါအဝင်) မဲဆန္ဒနယ်အားလုံး၏ လေးပုံတစ်ပုံတွင် ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရဟူ၍ "မဲဆန္ဒနယ်၏ထက်ဝက်" အစား "လေးပုံတစ်ပုံ" ဖြင့် ဖြေလျှော့ပြဋ္ဌာန်းပေးခဲ့သည်ကို တွေ့ရပါသည်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအနေဖြင့် သတ်မှတ်မဲဆန္ဒနယ်များအတိုင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်ကို တွေ့ရပါသည်။

### နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍတိုးတက်ရေး

ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို တိုးတက်စေရန်အတွက် အောက်ပါအချက်များကို ဆောင်ရွက်သင့်သည်ဟု ထင်မြင်မိပါသည်-

(က) **ပွင့်လင်းမြင်သာမှုမြှင့်တင်ခြင်း**
ပါတီ၏ရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှုများကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခြင်း၊ ပါတီတွင်း ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များကို ပိုမိုပွင့်လင်းအောင်ပြုလုပ်ခြင်းတို့ ဆောင်ရွက်ခြင်း၊

(ခ) **မူဝါဒရေးဆွဲရာတွင် ပြည်သူလူထုပါဝင်မှုတိုးမြှင့်ခြင်း**
လူထုတွေ့ဆုံပွဲများ၊ အွန်လိုင်းစစ်တမ်းများမှတစ်ဆင့် ပြည်သူ့သဘောထားကို စုဆောင်းခြင်း၊ မူဝါဒရေးဆွဲရာတွင် ကျွမ်းကျင်သူများနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်စေခြင်း၊

(ဂ) **ပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း**
မဲဆန္ဒရှင်ပညာပေးအစီအစဉ်များ ပိုမိုဆောင်ရွက်ခြင်း၊ ပါတီ၏မူဝါဒအကြောင်းအရာများကို ရိုးရှင်းစွာရှင်းပြသည့် ပညာပေးဗီဒီယိုများ ထုတ်လုပ်တင်ဆက်ခြင်း၊

(ဃ) **နည်းပညာအသုံးပြုမှုတိုးမြှင့်ခြင်း**
ဆိုရှယ်မီဒီယာနှင့် အွန်လိုင်းပလက်ဖောင်းများကို ပိုမိုထိရောက်စွာအသုံးပြုခြင်း၊ အွန်လိုင်းမှတစ်ဆင့် မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုတိုးမြှင့်ခြင်း၊

(င) **အားလုံးပါဝင်နိုင်မှုကို မြှင့်တင်ခြင်း**
အမျိုးသမီးများ၊ လူငယ်များ၊ လူနည်းစုအုပ်စုများ ပိုမိုပါဝင်လာစေရန် အားပေးခြင်းနှင့် မသန်စွမ်းသူများ ပါဝင်နိုင်မည့် အစီအစဉ်များ ရေးဆွဲခြင်း၊

(စ) **ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများ မြှင့်တင်ခြင်း**
ပါတီတွင်းကျင့်ဝတ်စည်းမျဉ်းများ ချမှတ်ခြင်းနှင့် တိကျစွာလိုက်နာစေခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) **အခြားပါတီများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း**
သဘောထားကွဲလွဲမှုများကို လေးစားစွာဆွေးနွေးနိုင်သည့် ဖိုရမ်များဖန်တီးခြင်းနှင့် အမျိုးသားအကျိုးစီးပွားအတွက် ပါတီများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၊

(ဇ) **စွမ်းဆောင်ရည်မြှင့်တင်ခြင်း**
ပါတီဝင်များနှင့် ကိုယ်စားလှယ်လောင်းများအတွက် သင်တန်းအစီအစဉ်များ တိုးမြှင့်ခြင်းနှင့် ခေတ်မီစီမံခန့်ခွဲမှုနည်းစနစ်များ ကျင့်သုံးခြင်း၊

(ဈ) **ရေရှည်တည်တံ့သော မဟာဗျူဟာများချမှတ်ခြင်း**
ရွေးကောက်ပွဲကာလအတွင်းသာမက ရွေးကောက်ပွဲအပြီးတွင်လည်း ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ ရေးဆွဲခြင်းနှင့် ရေရှည်မျှော်မှန်းချက်နှင့် မူဝါဒများကို ပုံမှန်ပြန်လည်သုံးသပ်ခြင်း၊

(ည) **တာဝန်ခံမှုတိုးမြှင့်ခြင်း**
ပါတီ၏ ကတိကဝတ်များနှင့် လုပ်ဆောင်ချက်များကို ပုံမှန်အစီရင်ခံခြင်းနှင့် ပြည်သူလူထု၏ တုံ့ပြန်မှုများကို လက်ခံ၍ လိုအပ်သလို ပြုပြင်ပြောင်းလဲခြင်း။

ဤအချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲအတွင်း နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ပိုမိုထိရောက်စွာ မြှင့်တင်နိုင်မည်ဖြစ်ပါသည်။ ဤသို့ဖြင့် ပိုမိုအားကောင်းသော ဒီမိုကရေစီစနစ်တစ်ခု ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

### ပါတီစည်းရုံးရေးနှင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး

ပါတီစည်းရုံးရေးဆိုသည်မှာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရသည့်အချိန်မှစ၍ မိမိတို့ပါတီတွင် ပါတီဝင်အင်အား တောင့်တင်းခိုင်မာရန်၊ လူထုထောက်ခံမှုရရှိရန်နှင့် ရွေးကောက်ပွဲများတွင် မိမိတို့ပါတီကိုယ်စားလှယ်လောင်းများ အနိုင်ရရှိရွေးချယ်ခံရရန် ပြည်သူလူထု (မဲဆန္ဒရှင်များ)အား ထာဝစဉ် စည်းရုံးဆောင်ရွက်ခြင်းကို Long Term Campaign ဟု ခေါ်ဆိုပါသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အထက်တွင်ဖော်ပြပြီးဖြစ်သကဲ့သို့ ရှိရမည့်ပါတီဝင်အရေအတွက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါသည်။

ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးဆိုသည်မှာ ရွေးကောက်ပွဲနီးလာသည့်အခါ လွှတ်တော်ကိုယ်စားလှယ်လောင်းများ စာရင်းသွင်း၊ စိစစ်အတည်ပြု ကြေညာပြီးနောက်ပိုင်းတွင် မဲဆန္ဒနယ်အလိုက် မဲဆွယ်စည်းရုံးခြင်းကို Short Term Campaign အဖြစ် ကော်မရှင်က ခွင့်ပြုပေးထားပါသည်။ ပါတီစည်းရုံးရေးသည် ပါတီ၏မူဝါဒနှင့် လမ်းစဉ်များကို ပြည်သူလူထုထံ ချပြရှင်းလင်းပြီး ပါတီဝင်များရရှိရေးအတွက် စည်းရုံးလှုံ့ဆော်ရခြင်းဖြစ်ပြီး ပြဋ္ဌာန်းဥပဒေများနှင့်အညီ စည်းရုံးလှုပ်ရှားခွင့်ရှိပါသည်။ မဲဆွယ်စည်းရုံးရေးသည် ရွေးကောက်ပွဲကျင်းပရန် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးပါက မဲဆွယ်စည်းရုံးရေးကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်ရသကဲ့သို့ အသုံးစရိတ်ကိုလည်း ကန့်သတ်ထားပါသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ၂၈-၁၀-၂၀၂၅ ရက်နေ့ နံနက်(၀၆:၀၀)နာရီမှ ၂၆-၁၂-၂၀၂၅ ရက်နေ့ ည(၁၂:၀၀)နာရီအထိ ရက်ပေါင်း ၆၀ ခွင့်ပြုကြောင်း ၁၅-၁၀-၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၃၄/၂၀၂၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ ကျင်းပမည်ဖြစ်ပြီး အပိုင်း(၁) နှင့် အပိုင်း(၂) ကျင်းပမည့်နေ့ရက်များကို ကြေညာပြီးဖြစ်ရာ အပိုင်း(၂) အတွက် ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကြေညာချက်အမှတ် (၁၅၁/၂၀၂၅)ကို ၂၈-၁၁-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါ ကြေညာချက်အရ ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် ၅၆ မြို့နယ်မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်အားလုံးတွင် ၂၆-၁၂-၂၀၂၅ ရက်နေ့ ည (၁၂:၀၀) နာရီအချိန်မှ ၂၈-၁၂-၂၀၂၅ ရက်နေ့ ရွေးကောက်ပွဲ ကျင်းပပြီးသည်အထိ ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပြီး အပိုင်း(၁)မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၂၆-၁၂-၂၀၂၅ ရက်နေ့ ည (၁၂:၀၀) နာရီ နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲအပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ်များအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ၂၉-၁၂-၂၀၂၅ ရက်နေ့မှစ၍ ဆက်လက်ဆောင်ရွက်နိုင်ပြီး ၉-၁-၂၀၂၆ ရက်နေ့ ည (၁၂:၀၀) နာရီအချိန်မှ ၁၁-၁-၂၀၂၆ ရက်နေ့ အပိုင်း(၂) ရွေးကောက်ပွဲကျင်းပပြီးသည်အထိ ရပ်နားထားရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအပိုင်း (၂) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကိုလည်း ၉-၁-၂၀၂၆ ရက်နေ့ ည ၁၂:၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းရမည်ဖြစ်ပြီး ရွေးကောက်ပွဲအပိုင်း (၃)အတွက် သတ်မှတ်ရက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဆက်လက်ထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က နှင့် လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ အခန်း(၁၀)တို့တွင် ထည့်သွင်းထုတ်ပြန်ထားပြီးဖြစ်၍ နိုင်ငံရေးပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းများ သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးမှုဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိစေရေးအတွက် အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ မဲဆွယ်စည်းရုံးရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ဆောင်ရွက်ထားသည်ကို တွေ့ရပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က တွင် မဲဆွယ်စည်းရုံးနိုင်သည့် ပုဂ္ဂိုလ်များအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များက မဲဆွယ်စည်းရုံးနိုင်ကြောင်း ဖော်ပြထားပြီး စည်းရုံးနိုင်သည့် နည်းလမ်းများအနေဖြင့် (၁) သတ်မှတ်သည့်နေရာနှင့် အချိန်တွင် စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း၊ (၂) မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်းနှင့် (၃) ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခြင်း စသည့်နည်းလမ်းများဖြင့် စည်းရုံးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ အခန်း(၁၀)တွင် ဖော်ပြထားသည်မှာ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ထားသည့်နေရာနှင့် အချိန်အတွင်းသာ ဆောင်ရွက်ခွင့်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် လူစုလူဝေးများ၊ ယာဉ်များဖြင့် စီတန်းလှည့်လည်ခြင်း၊ နည်းမျိုးစုံဖြင့် အပြိုင်အဆိုင် အင်အားပြစည်းရုံးခြင်းများကို ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများတွင် ခွင့်ပြုထားခြင်းမရှိသည်ကို အထူးသတိပြုရမည်ဖြစ်ပါသည်။

မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးပါတီများအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရန်အလို့ငှာ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၄၆ အရ နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခွင့်ကို ၂၈-၁၀-၂၀၂၅ ရက်နေ့မှ ၂၆-၁၂-၂၀၂၅ ရက်နေ့အထိ ခွင့်ပြုပေးရန် စီစဉ်ဆောင်ရွက်ပေးထားမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၅-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၁၇/၂၀၂၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ယခုအခါ ပါတီများအနေဖြင့် ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ညစဉ် နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြလျက်ရှိပါသည်။

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၄၇ တွင် ပုဂ္ဂလိကပိုင်မီဒီယာများမှတစ်ဆင့် မဲဆွယ်စည်းရုံးခြင်းများ ပြုလုပ်ပါက သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်သွယ်ရေးကွန်ရက်တစ်ခုခု သို့မဟုတ် ဆိုက်ဘာအရင်းအမြစ်တစ်ခုခုကို အသုံးပြုဆောင်ရွက်ပါက ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို သတိပြုလိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခြင်းနှင့်ပတ်သက်၍ ရွေးကောက်ပွဲနည်းဥပဒေ ၄၈ တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ပြည်သူအများသိရှိစေရန် စာရွက်စာတမ်း၊ စာအုပ်နှင့် လက်ကမ်းစာစောင်များ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချီခြင်း၊ ကြော်ငြာဆိုင်းဘုတ်များနှင့် ဗီနိုင်းပိုစတာများ စိုက်ထူချိတ်ဆွဲခြင်း ပြုလုပ်လိုပါက သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့်ညှိနှိုင်း၍ ဖြုတ်သိမ်းသွားမည်ဖြစ်ပြီး ကုန်ကျစရိတ်ကျသင့်ငွေကို သက်ဆိုင်ရာ နိုင်ငံရေးပါတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း သတိချပ်စေလိုပါသည်။

မဲဆွယ်စည်းရုံးရန် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိရာတွင်ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းမဖြစ်စေရေး သတိပြုရမည့်အချက်များကို သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၄၉ တွင် ပြဋ္ဌာန်းထားရှိပြီး နည်းဥပဒေ ၅၀ အရ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

ရွေးကောက်ပွဲအသုံးစရိတ်နှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် "နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို တတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ"အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ငွေကျပ်သိန်း ၁၅၀ မှ သိန်း ၃၀၀ သို့လည်းကောင်း၊ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ငွေကျပ်သိန်း ၃၀၀ မှ ၅၀၀ သို့လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်လောင်း၏ တရားဝင် ရငွေ၊ တရားဝင်ရရှိထားသည့် ပါတီရန်ပုံငွေတို့မှ ကျခံသုံးစွဲနိုင်ကြောင်း ပြင်ဆင်ထုတ်ပြန်ပေးခဲ့ပါသည်။

## ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရန် အရေးကြီးပုံ

မဲဆွယ်စည်းရုံးရေးသည် ဒီမိုကရေစီလုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်ပြီး နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ၎င်းတို့၏မူဝါဒများ၊ အစီအစဉ်များနှင့် ရည်မှန်းချက်များကို မဲဆန္ဒရှင်များထံ တိုက်ရိုက်တင်ပြနိုင်သည့် အခွင့်အလမ်းဖြစ်ပါသည်။ မဲဆွယ်စည်းရုံးရေးကာလအတွင်း ပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် မဲဆန္ဒရှင်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသဖြင့် ပြည်သူလူထု၏ လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများနှင့် မျှော်လင့်ချက်များကို ပိုမိုနားလည်လာနိုင်သည့်အတွက် ၎င်းတို့၏မူဝါဒများကို ပြည်သူ့ဆန္ဒနှင့်အညီ ချိန်ညှိနိုင်စေပါသည်။

ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်းအားဖြင့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းအားလုံးအတွက် တန်းတူညီမျှသော အခွင့်အလမ်းကို ဖန်တီးပေးသဖြင့် တရားမျှတမှုရှိခြင်း၊ မဲဆန္ဒရှင်များအား မည်သည့်ဖိအားမှမပါဘဲ လွတ်လပ်စွာ ဆုံးဖြတ်ချက်ချစေနိုင်သဖြင့် မဲဆန္ဒရှင်များ၏ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို ကာကွယ်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှုကို မြှင့်တင်ပေးသဖြင့် ရွေးကောက်ပွဲ၏တရားဝင်မှုကို မြှင့်တင်ခြင်း၊ ပါတီများနှင့် ကိုယ်စားလှယ်လောင်းများအကြား ပဋိပက္ခဖြစ်ပွားမှုကို လျော့နည်းစေခြင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေခြင်း၊ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးသည့် အလေ့အထများကို လိုက်နာကျင့်သုံးခြင်းဖြင့် ဒီမိုကရေစီယဉ်ကျေးမှုကို မြှင့်တင်ပေးပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီစနစ် ပေါ်ထွန်းရေးအတွက် အထောက်အကူဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသည့်အတွက် ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရန် အရေးကြီးလှပါသည်။

ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးရန်အတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)၊ "ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့်ပြစ်ဒဏ်များ"၊ အခန်း(၁၄)၊ "တရားမဲ့ပြုကျင့်မှုများ" တွင်ပါရှိသော ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာခြင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာခြင်းနှင့် မိမိပါတီဝင်များနှင့် ပါတီထောက်ခံသူများကို စည်းရုံးရေးဆင်းရာတွင်လည်း တစ်ပါတည်း ပညာပေးရန် လိုအပ်လှပါသည်။

## သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှု

မဲဆွယ်စည်းရုံးရေးသည် ဒီမိုကရေစီလုပ်ငန်းစဉ်၏ မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်းသည် တရားမျှတပြီး လွတ်လပ်သောရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး၏ သမာသမတ်ကျမှုနှင့် ယုံကြည်စိတ်ချရမှုကို အာမခံချက်ပေးနိုင်ပါသည်။ သူတစ်ပါးကိုမကောင်းပြောပြီး စည်းရုံးရေးဆင်းသည့်ပုံစံမှာ ရေတိုအတွက်ကြည့်လျှင် ထိရောက်သည်ဟု ယူဆနိုင်သော်လည်း ရေရှည်တွင် အကျိုးရလဒ်မကောင်း ဖြစ်တတ်ပါသည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် စည်းရုံးရေးလုပ်ငန်းစဉ်ကို နည်းလမ်းမှန်ကန်စွာ လုပ်ဆောင်သင့်ပါသည်။ သူတစ်ပါးကိုတိုက်ခိုက်ခြင်းတွင် မွေ့လျော်တတ်သူ၊ ကျေနပ်တတ်သူထက် အကောင်းမြင်စိတ်ရှိသူ၊ ခင်မင်နှစ်လိုဖွယ် ကောင်းသူ၊ စိတ်ခံတတ်ခွန်အားလှသူကိုသာ မဲဆန္ဒရှင်များက ကြိုက်နှစ်သက်ကြပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင် ဥပဒေနှင့်အညီဖြစ်စေရန် ရေးသားဖော်ပြထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာ၍ နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းဖော်ပြအပ်ပါသည်။

**ကျမ်းကိုးစာရင်း**


၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၊
၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊
၃။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊
၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ၊
၅။ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသမိုင်းမှတ်တမ်း (၁၈၈၆-၂၀၂၂)၊ ဦးစိုင်းကျော်သူ၊
၆။ ရွေးကောက်ပွဲဆိုင်ရာအကြောင်းအချက်များ၊ ထွန်းမင်းသန်း (ဥပဒေ)၊
၇။ ရွေးကောက်ပွဲသတင်းများ ရေးသားတင်ဆက်ခြင်း၊ ANFREL၊
၈။ မဲဆွယ်စည်းရုံးရေးလက်စွဲ၊ ရွေးကောက်ပွဲဝင်နည်းလမ်းညွှန်၊
၉။ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ(သုတကျော်)၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါး၊
၁၀။ ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲ (ဦးရွှေဦး)၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါဆောင်းပါး၊
၁၁။ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံရေးပါတီများ (ဦးရွှေဦး)၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါး။

# ရေဆင်းတက္ကသိုလ်များနယ်မြေ၌ ကျောင်းသား ကျောင်းသူများ အပန်းဖြေရိပ်သာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရေဆင်းတက္ကသိုလ်များနယ်မြေ၌ တည်ဆောက်လျက်ရှိသော (အလျား ၁၆၂ ပေ x အနံ ပေ ၉၀) ရှိ ကျောင်းသား ကျောင်းသူများ အပန်းဖြေရိပ်သာ (Recreation Center) စီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေးကောင်းမွန်သည့် အဆောက်အအုံဖြစ်ရန်နှင့် အားကစားနည်းသတ်မှတ်ချက် စံနှုန်းများနှင့် ကိုက်ညီမှုရှိရန်၊ အားကစားရုံကြမ်းခင်းပြင်ကို ရေရှည်ခံနိုင်ဝန်ရှိစေရေး၊ ဈေးဆိုင်ခန်းများ စနစ်တကျ နေရာချထားပေးနိုင်ရေး ကြိုတင်စီမံနေမှုနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆိုင်ရာများကို မှာကြားသည်။

ရေဆင်း တက္ကသိုလ်များနယ်မြေ၌ တည်ဆောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အပန်းဖြေရိပ်သာ (Recreation Center) စီမံကိန်းသည် ယနေ့အထိ လုပ်ငန်းအားလုံး၏ ၇၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးတက္ကသိုလ် ဘောလုံးကွင်း၏ ပရိသတ် ၅၂၀ ဆံ့ ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းအဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ) ဦးဆောင်၍ လုပ်ငန်းအဖွဲ့ဝင်များဖြင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် Video Conferencing ဖြင့် ကျင်းပသည်။




အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များနှင့် တိုးတက်မှုအစီရင်ခံစာမူကြမ်း စိစစ်ရေးသားရေးအဖွဲ့ဝင်များဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကော်မရှင်အဖွဲ့ရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (ဥပဒေရေးရာနှင့်မှုခင်းဌာနကြီး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မှုခင်းရဲတပ်ဖွဲ့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းအဖွဲ့၏ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ (၁၆) ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် အာရှပစိဖိတ်ဒေသပူးတွဲအဖွဲ့ (APJG)မှ အကဲဖြတ်သူများ၏ ထပ်မံမေးမြန်း အကြံပြုချက်များကို ထိရောက်မှန်ကန်စွာ ပြန်လည်ရှင်းလင်းဖြေကြားနိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် ထပ်မံဖြည့်စွက်ဖြေကြားရမည့်အချက်အလက်များကိုလည်းကောင်း၊ APJG မျက်နှာချင်းဆိုင် အစည်းအဝေးတက်ရောက်ရာတွင် ကြိုတင်ပြင်ဆင်ရန် လိုအပ်သည့်အချက်များကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ထိုင်းနိုင်ငံ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးရုံးမှ သင်တန်းနှင့် နည်းပညာအကူအညီပေးအပ်မည့်ကိစ္စနှင့်စပ်လျဉ်း၍ စီစဉ်ထားရှိရမည့်အချက်များကို မှာကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက APJG မှ အကဲဖြတ်သူများက ထောက်ပြမေးမြန်းချက်များအပေါ် မိမိတို့အနေဖြင့် ဆုံးရှုံးနိုင်ခြေများကို ကောင်းမွန်စွာသိရှိနားလည်ကြောင်းပြသပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ပြည့်ပြည့်စုံစုံဖြင့် ရှင်းလင်းတင်ပြဖြေဆိုသွားမည်ဖြစ်ပါကြောင်းနှင့် ထည့်သွင်းစဉ်းစားရမည့်အချက်များကိုလည်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး (ကိုယ်စား) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ရဲမှူးကြီး မြင့်စိုးက (၁၆)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် ထပ်မံမေးမြန်းလာသည့် မေးခွန်းများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ပြန်လည်ဖြေဆိုနိုင်ရေးအတွက် တိုးတက်မှုအစီရင်ခံစာမူကြမ်း စိစစ်ရေးသားရေးအဖွဲ့မှ ပြင်ဆင်ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြရာ အစည်းအဝေးတက်ရောက်လာသူများက ပံ့ပိုးပေးမည့်အချက်အလက်များ၊ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ ကျေးရွာချင်းဆက် လမ်း/တံတားများ ကွင်းဆင်းစစ်ဆေး

**လှည်းကူး ဒီဇင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် မအူ၊ ထန်းပင်ချောင်၊ ရွှေတောင်ပန်၊ ဒါးပိန်တောင်လမ်း (ကျန်အပိုင်း) ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ ဆောင်ရွက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်အောင် (တည်ဆောက်ရေး)နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဒီဇင်ဘာ ၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# လယ်ဝေးမြို့နယ် ရေအိုးစဉ်ကျေးရွာရှိ မိုးစပါးစိုက်ကေများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ထောက်ပံ့ငွေ (သက်တန့်ရောင်စီမံကိန်း)ဖြင့် ပံ့ပိုးရယူဆောင်ရွက်ခဲ့သည့် လယ်ဝေးမြို့နယ် ရေအိုးစဉ်ကျေးရွာ ရေအိုးစဉ်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးသောင်းလွင်၏ ဗျောသုခ မိုးစပါးစိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုသည်။



ကွင်းဆင်း ကြည့်ရှုစဉ် ညွှန်ကြားရေးမှူးက မိုးစပါးစိုက်ကေများ ရိတ်သိမ်းရာတွင် အချိန်မီရိတ်သိမ်းဆောင်ရွက်နိုင်ရေး၊ ပျက်စီးလေလွင့်မှုမရှိစေရေး၊ အမိုးအကာအောက်သို့ အမြန်ရောက်ရှိစေရေး၊ စပါးရိတ်သိမ်းပြီးပါက ထောက်ပံ့ပေးထားသောမျိုး၊ သွင်းအားစုတန်ဖိုးငွေများ အချိန်မီရရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်နှင့် နောက်သီးနှံစိုက်ပျိုး နိုင်စေရေးတို့အတွက် ဦးစီးဌာနမှ အသင်းသားတောင်သူများ၏ လိုအပ်သည်များကို ပေါင်းစပ် ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ရှမ်းစုကျေးရွာရှိ ဆင်အုံမွေးမြူထုတ်လုပ်ရေးနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမအသင်းပိုင် ငါးမွေးမြူရေးကန်သို့ သွားရောက်ကြည့်ရှုပြီး အမှုဆောင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၁၈
ရက်
သာ လိုတော့သည်။

# လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော် ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် ပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော် ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် ပန္နက်တော်တင်မဟာမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဖောင်တော်ချက်မစေတီတော် ပရိဝုဏ် နဂါးစောင်းတန်း၌ ကျင်းပရာ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လယ်ဝေးမြို့ ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ဥပုသ် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။



ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်များကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြ၍ ဥပါသကာများက ဆရာတော် သံဃာတော်များထံမှ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်များကို ယူဆောင်၍ စေတီတော်ဝတ္ထုကံအတွင်း ပက်ဖျန်းကြဲဖြန့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဘုရားဒါယကာ၊ ဒါယိကာမများနှင့်အတူ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ရတနာပန္နက်တော်များကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး လယ်ဝေးမြို့ လောသရက်တောကျောင်း မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ဒေဝါဝင်း၊ ရာဇာဝင်းများက သတ်မှတ်နေရာများတွင် ကြိုတင်နေရာယူပြီး ဥပါသကာများက ရတနာပန္နက်တော်များကို ပင့်ဆောင်၍ စေတီတော်ဝတ္ထုကံအတွင်း လက်ယာရစ်လှည့်လည်ပူဇော်ကာ ရတနာပန္နက်တော်တင်လှူကြမည့် ဘုရားဒါယကာများက မင်္ဂလာအချိန်တွင် ရတနာပန္နက်တော် (၉)ချက်တင်၍ တစ်ပြိုင်တည်း တွင်းတော်ဝန်းပြီး ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၉**

တတိယအကြိမ် မြန်မာ - ရုရှား ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်နှင့် ကော်မတီဝင် မြန်မာ့တပ်မတော်မှ အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားတပ်မတော် ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယ ကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့်ကော်မတီဝင် ရုရှားတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တတိယအကြိမ် မြန်မာ - ရုရှား အကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်က ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးလှိုက်လှဲစွာကြိုဆိုခဲ့ပြီး နှစ်နိုင်ငံ ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေး ကော်မတီအစည်းအဝေး အပြန်အလှန် အလှည့်ကျကျင်းပပြုလုပ်သွားခြင်းဖြင့် တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍတွင် သတင်းအချက်အလက် စီးဆင်းမှုကို လျင်မြန်စွာ ဆောင်ရွက်နိုင်လာခြင်း၊ နည်းပညာဆိုင်ရာကိစ္စရပ်များ ပိုမိုပူးပေါင်းလုပ်ဆောင်လာနိုင်ခြင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လေ့ကျင့်ခန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း





အပြင် ပုံသဏ္ဌာန်ပြောင်းလဲလာသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အပြန်အလှန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တတိယအကြိမ် မြန်မာ - ရုရှား အကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီ ပူးတွဲဥက္ကဋ္ဌ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov က ရုရှား၊ မြန်မာနှစ်နိုင်ငံအကြား ဒေသတွင်း တည်ငြိမ်အေးချမ်းမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးနယ်ပယ်တွင် တုံ့ပြန်မှုများ လျင်မြန်စွာပြုလုပ်နိုင်ရေးဆိုင်ရာ နည်းလမ်းများအား သတ်မှတ်ခေါင်းစဉ်များအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် နှစ်နိုင်ငံ ပူးတွဲကော်မတီဥက္ကဋ္ဌများက ပြန်လည်သုံးသပ်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒီဇင်ဘာ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# AI အသုံးပြု၍ထုတ်လုပ်ထားသော Content များအတွက် မူပိုင်ခွင့်များ (၂)

**ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်တွင် အထူးအမျိုးအစားများအား မူဘောင်အပြင်ဘက်တွင် အကာအကွယ်ပေးသည့် Sui generis protection အထူးပုံစံတစ်ခုရှိသည်။ Sui generis သည် လက်တင်အခေါ်အဝေါ်ဖြစ်ပြီး "ထူးခြားသောအမျိုးအစား"ဟု အဓိပ္ပာယ်ရသည်။ ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် လူအများသိထားပြီးသော မူပိုင်ခွင့်မူဘောင်၏ အပြင်ဘက်ရှိ အထူးအကာအကွယ်ပေးမှုပုံစံကို ရည်ညွှန်းပါသည်။**

မြတ်ကြေးမုံ

တစ်စုံတစ်ခုသော လိုအပ်ချက်ကို ဖြည့်ဆည်းရန်၊ အံဝင်ခွင်ကျဖြစ်စေရန်၊ အထူးပြု၍ ဖန်တီးထားသော အခွင့်အာဏာစနစ်တစ်ရပ်အဖြစ်လည်း သတ်မှတ်နိုင်ပါသည်။ ထိုအခွင့်အာဏာစနစ်ကို မိရိုးဖလာရိုးရာ ဗဟုသုတအသိပညာများ (Traditional Knowledge)နှင့် ဆက်စပ်သဘာဝအရင်းအမြစ်များဆိုင်ရာ အခွင့်အရေးများအား ကာကွယ်ရန်အတွက် ကျင့်သုံးခြင်းဖြစ်ပါသည်။ လက်ရှိ ဂျပန်တွင် အထူးအမျိုးအစားများအား မူဘောင်အပြင်ဘက်တွင် အကာအကွယ်ပေးရေး လိုအပ်ကြောင်း ဆွေးနွေးမှုအချို့ ရှိနေသည်။

**သီးခြားဥပဒေဟု အဓိပ္ပာယ်ဖွင့်ဆို၍**

Sui generis protection ဆိုသည့် စကားလုံးကို ပြောသည့်အခါ AI သက်သက်ဖြင့် ထုတ်လုပ်ထားသည့်အလုပ်များပါ အကျုံးဝင်သည့် သီးခြားဥပဒေဟု အဓိပ္ပာယ်ဖွင့်ဆို၍ရပါသည်။ အဘယ်ကြောင့်ဆိုသော် တည်ဆဲမူပိုင်ခွင့်ဥပဒေ၏ အခြေခံအချက်မှာ ဖန်တီးထုတ်လုပ်ရေးသားသူမှာ လူသားဖြစ်ရမည်ဖြစ်သည့်အတွက် AI မှ ထုတ်လုပ်ထားသော လက်ရာများသည် ထိုအမျိုးအစားထဲတွင် ဘောင်မဝင်ပါ။ AI အတွက် မူပိုင်ခွင့်ပါ ထည့်သွင်းသတ်မှတ်နိုင်ရန် လက်ရှိတည်ဆဲမူပိုင်ခွင့်ဥပဒေကို ပြင်ဆင်မည်ဆိုပါကလည်း ရှေ့နေများ၊ ဥပဒေပြုသူများ၊ လွှတ်တော်ကိုယ်စားလှယ်များက လက်တွေ့တွင် အမှန်တကယ် မပြင်ဆင်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ပြင်ဆင်မည်ဆိုပါက အခြေခံအားဖြင့် ဥပဒေတစ်ရပ်လုံးကို ဖျက်သိမ်း၍ အသစ်ပြန်လည်ရေးဆွဲရမည့် အနေအထားဖြစ်သည်။ ထိုဥပဒေကို ရေးသားစဉ်အခါက လူသားများသာ လက်ရာများ ဖန်တီးရေးသားထုတ်လုပ်နိုင်သည်ဟူသော ယူဆချက်ဖြင့် ရေးသားထားခြင်းကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ယခုလက်ရှိ ကုလသမဂ္ဂ(UN)က ဦးဆောင်နေသည့် ဉာဏပစ္စည်းမူပိုင်ခွင့် အဖွဲ့အစည်း WIPO တွင် ဉာဏပစ္စည်းမူပိုင်ခွင့်နှင့် AI ကော်မတီ အေဂျင်စီများအကြား အချေအတင်ဆွေးနွေးမှုများ ဆွေးနွေးနေရပြီး AI ဖြင့် ထုတ်လုပ်ဖန်တီး ရေးသားထားသည့် လုပ်ငန်းများကို ကာကွယ်ရန် Sui Generis Law ကို လိုအပ်သည် (သို့မဟုတ်) လက်ရှိဥပဒေစနစ်အရ AI လက်ရာများအား ကိုင်တွယ်ရန် အလွန်ခက်ခဲလာသည်နှင့်အမျှ အဆိုပါလုပ်ငန်းများအား မည်ကဲ့သို့အကာအကွယ်ပေးသင့်သည်ဆိုသည်မှာ အဓိကအချက် ဖြစ်လာပါသည်။

ယနေ့အချိန်အထိ တောင်ကိုရီးယားတွင် AI ဖြင့် ဖန်တီးထုတ်လုပ်သည့် လုပ်ဆောင်ချက်လက်ရာများအတွက် အကာအကွယ်ပေးမှု မရှိသေးသော်လည်း အဆင့်မြင့်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေပါသည်။ တောင်ကိုရီးယားသည် အာရှ၏ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် AI ကို မည်သို့မည်ပုံ ထိန်းကျောင်းသင့်သည်ဆိုသည်ကို သိရှိလိုကြပြီး ဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဉာဏပစ္စည်းဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။ ဉာဏပစ္စည်းမူပိုင်ခွင့်တွင် ကဏ္ဍပေါင်းစုံပါဝင်နေပြီး နည်းပညာမူပိုင်ခွင့်၊ အနုပညာမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်များ ပါဝင်ပါသည်။

မူပိုင်ခွင့်အများစုသည် ယေဘုယျအားဖြင့် နည်းပညာကို ရည်ညွှန်းပြီး တောင်ကိုရီးယားသည် နည်းပညာကဏ္ဍတွင် အလွန်မြင့်မားနေသောကြောင့် ၎င်းတို့၏ ဆွေးနွေးမှုအများစုမှာ နည်းပညာမူပိုင်ခွင့်အပိုင်းကို ပိုမိုဦးစားပေး၍ အနုပညာဖန်တီးမှု မူပိုင်ခွင့်များတွင် များစွာပါဝင်ခြင်းမရှိပါ။ ထို့ကြောင့် တောင်ကိုရီးယားတွင် မည်ကဲ့သို့ အခြေအနေမျိုး ပေါ်ပေါက်လာမည်ဆိုသည်ကို စောင့်ကြည့်နေရမည်ဖြစ်ပြီး ယနေ့အချိန်အထိ နည်းပညာအကူအညီယူ၍ ဖန်တီးရေးသားထုတ်လုပ်ထားသော လက်ရာများအား မည်ကဲ့သို့ မူပိုင်ခွင့်ပေးကာကွယ်ရမည်ဆိုသည့် တိကျသောလမ်းညွှန်ချက်များ မရှိထားသေးပါ။

- **❖ ယနေ့ခေတ်၏ အကြောင်းအရာဖန်တီးသူတစ်ဦးအနေဖြင့် နောင်အနာဂတ်တွင် ပြောင်းလဲလာမည့် စည်းမျဉ်းများအရ မိမိ၏ထုတ်လုပ်ရေးလုပ်ငန်းများ၌ ပြဿနာဖြစ်ခြင်းများမှ ရှောင်ရှားနိုင်စေရန်နှင့် မိမိကိုယ်ကိုယ် ဘေးကင်းနေစေရန်အတွက် အစပိုင်းကတည်းက ပရိသတ်ကို ရှင်းလင်းချက်ဖြင့် အသိပေးခြင်းကို အသုံးပြုစေလို**
- **❖ AI မှ ထုတ်လုပ်သော အလုပ်များကို မည်ကဲ့သို့ ကာကွယ်ရမည်ကို ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုမရှိသေးကြောင်း သိထားရမည်**
- **❖ နိုင်ငံတကာအဆင့် တရားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စောင့်ကြည့်ခြင်းထက် ပြည်တွင်းတွင် အလုပ်လုပ်နေကြခြင်းဖြစ်သည့်အတွက် ပြည်တွင်းတရားစီရင်ပိုင်ခွင့်များကို စောင့်ကြည့်မည်ဆိုပါက အထိရောက်ဆုံးဖြစ်မည်**

**လူထုနှင့် တိုင်ပင်ဆွေးနွေးမှုများလည်း ပြုလုပ်နေရဆဲဖြစ်**

စင်ကာပူနိုင်ငံသည် ၎င်း၏ဥပဒေကို ၂၀၂၁ ခုနှစ်တွင် ပြင်ဆင်ခဲ့သော်လည်း အဆိုပါပြင်ဆင်ခဲ့သော ဥပဒေအောက်တွင် မူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးထားသည့်လုပ်ငန်းကို အသုံးပြု၍ ဆော့ဖ်ဝဲလ်ကို လေ့ကျင့်ပေးနေသည့် ကုမ္ပဏီရှိပါက ယင်းကို သင့်တင့်မျှတသော အသုံးပြုမှု (Fair Use Exception) ပြဋ္ဌာန်းချက်အောက်တွင် ကင်းလွတ်ခွင့်ရှိသည်ဟု ဆိုပါသည်။ ယခုကဲ့သို့ ခွင့်ပြုရသည့် အကြောင်းရင်းမှာ စင်ကာပူနိုင်ငံသည် AI ကုမ္ပဏီများ စင်ကာပူတွင် လာရောက်ရင်းနှီးမြှုပ်နှံစေချင်သည့်အတွက် ဖြစ်ပါသည်။ သို့ရာတွင် AI ဖြင့် ထုတ်လုပ်ဖန်တီးရေးသားထားသည့် လုပ်ဆောင်ချက်လက်ရာများနှင့် ပတ်သက်၍ မည်သည့် သတ်မှတ်ချက်မှ ထုတ်ပြန်ထားခြင်းမရှိသေးသလို လူထုနှင့် တိုင်ပင်ဆွေးနွေးမှုများလည်း ပြုလုပ်နေရဆဲဖြစ်ပါသည်။ ဤနေရာတွင် အပိုင်းနှစ်ပိုင်းရှိပါသည်။ တစ်ခုက စာရေးဆရာ မည်သူနည်းဆိုသည်ကို သေသေချာချာ သိထားရမည်ဖြစ်ပြီး နောက်တစ်ခုမှာ သင့်တင့်မျှတသော အသုံးပြုမှု (Fair Use Exception) နှင့်ပတ်သက်သော ခြွင်းချက်ဖြစ်သည်။

အကယ်၍ AI ကုမ္ပဏီ (သို့မဟုတ်) ဆော့ဖ်ဝဲကုမ္ပဏီတစ်ခုခုက ဒေတာများ လေ့ကျင့်ရန် (သို့မဟုတ်) ဆော့ဖ်ဝဲလ်ကိုလေ့ကျင့်ရန် မူပိုင်ခွင့်ဖြင့် အကာအကွယ်ပေးထားသည့် လုပ်ငန်းများကို အသုံးပြုနေပါက မူပိုင်ခွင့်ချိုးဖောက်မှုနှင့် တရားစွဲနိုင်မည်လား။ ၎င်းတို့က မူပိုင်ခွင့်ဥပဒေကို ချိုးဖောက်နေသည်ဟု ပြောနိုင်မလား။ အဖြေက- တရားစွဲနိုင်ပါသည်၊ ၎င်းတို့သည် မူပိုင်ခွင့်ဥပဒေကို ချိုးဖောက်နေကြခြင်းဖြစ်သည်။ ထို့ကြောင့် ထုတ်ဝေသူများနှင့် AI ကုမ္ပဏီများအကြား အငြင်းအခုံများ ဖြစ်နေရခြင်းဖြစ်ပါသည်။

သို့သော် စင်ကာပူနိုင်ငံသည် အဖွဲ့အစည်းတစ်ခုခု (သို့မဟုတ်) ကုမ္ပဏီတစ်ခုခုက ၎င်းတို့၏ အချက်အလက်များကို လေ့ကျင့်ရန် (သို့မဟုတ်) ၎င်းတို့၏ အယ်လဂိုရီသမ် (Algorithm)ကို လေ့ကျင့်တီထွင်ရန်အတွက် ရှိပြီးသားမူပိုင်ခွင့်များကို အသုံးပြုနေပါက ခြွင်းချက်အနေဖြင့် ခွင့်ပြုပေးသော ရှားရှားပါးပါး နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၎င်းတို့သည် မူပိုင်ခွင့်ကင်းလွတ်မှုအောက်တွင် ကင်းလွတ်ခွင့်ပြုခွင့်ရှိသည်။ တစ်နည်းဆိုရသော် စင်ကာပူနိုင်ငံတွင် တရားစွဲမည်မဟုတ်ပေ။ AI သည် data ပေါ်တွင် အလုပ်လုပ်နေခြင်းဖြစ်သည့်အတွက် ယနေ့ Chat GPT တွင် တွေ့မြင်နေရသည့် output ရလဒ်မှန်သမျှသည် ဒေတာအပေါ် အခြေခံထားခြင်းဖြစ်သည်။ Chat GPT များအားလုံးသည် ၎င်းဒေတာများကို စုစည်းနေကြခြင်းဖြစ်သည်။ သို့သော် ၎င်းဒေတာများကို စုစည်းရန်အတွက် ရှိပြီးသား၊ မူပိုင်ခွင့်ရထားပြီးသား အလုပ်များကို အသုံးပြုရမည်ဖြစ်သည်။ လက်ရှိ မူပိုင်ခွင့်ရရှိပြီးသား အလုပ်များကို အသုံးပြုနေသော်လည်း မူပိုင်ခွင့်ပိုင်ရှင်၏ ခွင့်ပြုချက်ကို မရယူပါက ၎င်းလုပ်ရပ်သည် အမှန်တကယ် ချိုးဖောက်မှုတစ်ခု ပြုလုပ်နေခြင်းဖြစ်သည်။

**နဂိုရှိရင်းစွဲဒေတာကို အားကိုး၍ လုပ်ကိုင်နေရခြင်းဖြစ်**

သို့ဖြစ်ပါက AI ဖြင့်ဖန်တီးထားသည့် အလုပ်များအတွက် မူပိုင်ခွင့်သတ်မှတ်ရန် အဓိကစိန်ခေါ်မှုက မည်သည့်အရာနည်း။ ပထမအချက်မှာ AI ဖြင့် အလုပ်တစ်ခုကို ဖန်တီးသည့်အခါ စာရေးဆရာ သတ်မှတ်ချက် မရှင်းလင်းသောကြောင့် လူသားများ၏ ပါဝင်ပတ်သက်မှုအဆင့်နှင့် AI ၏ အခန်းကဏ္ဍအကြား ရှုပ်ထွေးမှုများစွာကို ဖြစ်စေသောကြောင့် ဖြစ်သည်။ အားလုံးသိကြသည့်အတိုင်း AI သည် အလုပ်တစ်ခုကို သူ့ဘာသာသူ ဖန်တီးလုပ်ဆောင်နိုင်ခြင်းမရှိဘဲ နဂိုရှိရင်းစွဲဒေတာကို အားကိုး၍ လုပ်ကိုင်နေရခြင်းဖြစ်သည်။ ထို့ကြောင့် AI သည် အလွန်တီထွင်ဖန်တီးမှု အားကောင်းသည်ဟု ယူဆ၍မရပါ။ AI သည် အခြားသော မူပိုင်ခွင့်ပိုင်ရှင်များကို အားကိုးနေရခြင်းဖြစ်သည်။ ထို့အတွက်ကြောင့် ယခုလို အငြင်းအခုံများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဒုတိယအချက်မှာ AI ဖြင့် ထုတ်လုပ်ထားသည့် အလုပ်သည် မူရင်း(Original)ဆိုသည့် အဓိပ္ပာယ်သတ်မှတ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှု မရှိခြင်းဖြစ်သည်။ မူပိုင်ခွင့်ဥပဒေ၏ အဓိပ္ပာယ်သတ်မှတ်ချက်မှာ လုံးဝမူရင်း အမှန်တကယ်၊ အစစ်အမှန်ဝတ္ထု(Novel)ကို ဆိုလိုခြင်းဖြစ်ပါသည်။ တီထွင်ဖန်တီးမှုလို့ ဆိုလိုခြင်းမဟုတ်ပါ။ လူအများစုက လုံးဝမူရင်းအစစ်အမှန်ဟု စဉ်းစားလိုက်ပါက မူရင်း (Original)ဆိုသည်မှာ တီထွင်ဖန်တီးမှုကို အဓိပ္ပာယ်သတ်မှတ်သည်ဟု ထင်ကောင်းထင်ကြပါလိမ့်မည်။ သို့ရာတွင် မူပိုင်ခွင့်ဥပဒေ၏ ရှုထောင့်မှကြည့်လျှင် မူရင်းသည် လူ့ဦးနှောက်ထဲမှ ထွက်လာသည့် Original Idea မူလကိုယ်တိုင်ဖန်တီးမှု၊ မူရင်းအကြံအစည်၊ အကြောင်းအရာ(ဝတ္ထု)ဖြစ်သင့်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

အခြား ကြားခံစက်ပစ္စည်းများ အကူအညီဖြင့် "အဆင့်မြင့်စွာ တီထွင်ဖန်တီးထားသော"ဆိုသည်မျိုး ဖြစ်ရန်မလိုအပ်ပါ။ မူပိုင်ခွင့်နှင့်ပတ်သက်၍ တရားစီရင်ပိုင်ခွင့်များအောက်တွင် အကာအကွယ်ပေးထားသည့် အခြေခံအချက်ဖြစ်သည့် "ကိုယ်တိုင်ဖန်တီးမှု/မူရင်း အကြံဉာဏ်"ဖြစ်ရန်သာ လိုအပ်ခြင်းဖြစ်သည်။ အကယ်၍ မိမိသည် မီဒီယာအဖွဲ့အစည်းတစ်ခု၏ အကြောင်းအရာထုတ်လုပ်ရေး content production တွင် ပါဝင်ပတ်သက်နေပါက လိုင်စင်နှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ ပြဿနာများရှိနေနိုင်သည့်အတွက် လိုင်စင်သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် လိုအပ်ပါက သို့မဟုတ် မိမိ၏ အကြောင်းအရာကို အခြားသူတစ်ဦးထံ လိုင်စင်ချရန် လိုအပ်ပါက မိမိလုပ်ငန်းအတွက် လိုင်စင်ကို မည်ကဲ့သို့ စံနှုန်းတန်ဖိုး သတ်မှတ်မည်နည်း။

**ဥပဒေစိုးမိုးရေးကိစ္စကို သေချာပေါက်ထည့်တွက်ရမည်**

အဘယ်ကြောင့်ဆိုသော် လိုင်စင်ရယူရန် (သို့မဟုတ်)လိုင်စင်ချပေးရန်အတွက်ဆိုပါက တစ်စုံတစ်ယောက်မှ ကိုယ်ပိုင်ဖန်တီးထားသော အလုပ်ဟုတ် မဟုတ် (သို့မဟုတ်) အခြားသူတစ်ဦး၏ အလုပ်ကို တစ်စိတ်တစ်ပိုင်း ယူငင်အသုံးပြုခဲ့သည် (သို့မဟုတ်) ထိုအလုပ်ကို ဖန်တီးရန် AI ကို အားကိုးနေသည်ဆိုသည်ကို မသိနိုင်ခြင်းကြောင့်ဖြစ်သည်။ ပြဿနာများက အဆိုပါနေရာမှ စလာခြင်းဖြစ်သည်။ လိုင်စင်ပေးလိုက်သည့်အလုပ်သည် မူရင်း ဟုတ်မဟုတ် မသိနိုင်သည့်အတွက် ဥပဒေစိုးမိုးရေးကိစ္စကို သေချာပေါက်ထည့်တွက်ရမည်ဖြစ်ပါသည်။

လိုင်စင်ပေးထားသည့် အကြောင်းအရာသည် မူရင်းမဟုတ်ကြောင်း သိရှိလာပြီး ထိုအကြောင်းအရာကို ဖန်တီးရန် AI ကို အားကိုးထားပါက မည်သူ့ကို တရားစွဲသင့်သနည်း။ သမားရိုးကျမူပိုင်ခွင့်၏ သတ်မှတ်ချက်အရ မူရင်းအစစ်အမှန် ဖန်တီးမှုမဟုတ်ဘဲနှင့် လိုင်စင်ရယူထားသူအား တရားစွဲဆိုသင့်သည်ဟု ဆိုသည်။ သို့မဟုတ် AI ကုမ္ပဏီ (သို့မဟုတ်) သူအားကိုးအားထားပြုသည့် ကိရိယာ (tool) ကို တရားစွဲသင့်သည်လား၊ အဘယ်ကြောင့်ဆိုသော် အဆိုပါ AI (သို့) ကိရိယာ (tool) သည် လိုချင်သည့် output ထွက်ရှိရန် မူပိုင်ခွင့်ရရှိပြီးသော အကြောင်းအရာ data များကို အားကိုး၍ ထုတ်လုပ်ခဲ့ရခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် အဆိုပါပြဿနာသည် အဓိကပြဿနာဖြစ်ပြီး ရှေ့နေများ၊ ပညာရှင်များ၊ တရားသူကြီးများ၊ မူဝါဒချမှတ်သူများက မည်ကဲ့သို့ဖြေရှင်းရမလဲဆိုသည်ကို ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်နေကြရသည်။ အဆိုပါပြဿနာအတွက် မတူညီသည့် ဖြေရှင်းနည်းများ ရှိပါသည်။

ပထမဦးဆုံးသော ဖြေရှင်းနည်းတစ်ခုမှာ Sui generis system (သို့မဟုတ်) Sui generis right ဟုခေါ်တွင်သည့် ကျင့်ထုံးတစ်ခု သတ်မှတ်ဆောင်ရွက်ရန်ဖြစ်သည်။ လက်ရှိ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်စံပုံစံစနစ်သည် အနောက်တိုင်းပိုင်ဆိုင်မှုဆိုင်ရာ အယူအဆအပေါ် အခြေခံထားခြင်းဖြစ်သည့်အတွက်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ရိုးရာအသိပညာဗဟုသုတ (Traditional Knowledge)များကို တည်ဆဲဥပဒေစည်းမျဉ်းများဖြင့် အကာအကွယ်ပေးရန် မလွယ်ကူပါ။ Sui generis system ဆိုသည့် စနစ်တစ်ခုအောက်တွင် အသိုင်းအဝိုင်းဉာဏပစ္စည်းပိုင်ခွင့် (Community Intellectual Right)အဖြစ် ထူးခြားစွာ အသိအမှတ်ပြု ကာကွယ်ထိန်းသိမ်းကျင့်သုံးစေခြင်းဖြစ်သည်။ တစ်ဦးတစ်ယောက်၏ မူပိုင်အဖြစ် အကာအကွယ်ပေးခြင်းမဟုတ်ဘဲ အများနှင့်သက်ဆိုင်သုံးစွဲ အကာအကွယ်ပေးသည့်စနစ်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် Sui generis system ကျင့်သုံးနေသော နိုင်ငံများမှာ ကိုစတာရီကာ၊ ဖိလစ်ပိုင်၊ ပီရူး၊ ထိုင်းနှင့် ဗင်နီဇွဲလားနိုင်ငံများဖြစ်ကြသည်။ ကျင့်သုံးသည့် နိုင်ငံများက ဌာနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ အလေ့အကျင့်များ၊ ဆန်းသစ်တီထွင်မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများ၏ အစိတ်အပိုင်းများကို အသုံးပြုခြင်းနှင့် ဆက်စပ်သော အသိပညာများကို sui generis အခွင့်အရေးများ ဘုံသတ်မှတ်မှုအောက်တွင် အတိအလင်း အသိအမှတ်ပြု ကာကွယ်ပေးထားသလို မျိုးရိုးဗီဇအရင်းအမြစ်များနှင့် ဇီဝဓာတုဗေဒဆိုင်ရာ ယဉ်ကျေးမှုအလေ့အကျင့် အသိပညာများအပေါ်တွင်လည်း တရားဝင် သက်ရောက်အသိအမှတ်ပြုပေးထားခြင်းဖြစ်သည်။

**သီးခြားဥပဒေအောက်တွင် စဉ်းစားဆုံးဖြတ်ခြင်းပင်ဖြစ်**

သီးခြားဥပဒေ အမျိုးအစားတစ်ခုအောက်တွင် စဉ်းစားဆုံးဖြတ်ခြင်းပင်ဖြစ်သည်။ ဆိုလိုသည်မှာ အခြေခံအားဖြင့် AI ဖြင့် ထုတ်လုပ်ထားသော အလုပ်များကို မတူညီသော အကြောင်းအရာတစ်ခုအဖြစ် သဘောထား၍ သီးခြားဥပဒေ (သို့မဟုတ်) စီရင်ထုံးတစ်ခုပြဋ္ဌာန်းပြီး သီးသန့်စဉ်းစားလုပ်ကိုင်ရန်ဖြစ်သည်။ ယင်းကို မူပိုင်ခွင့်ဥပဒေ၏ ပါရာဒိုင်းစံပြပုံစံအတွင်း ကျရောက်နေသော အရာတစ်ခုအဖြစ် သတ်မှတ်တွေးခေါ်ရန် မဖြစ်နိုင်ပါ။ ယခုအခါ နိုင်ငံအများအပြား၌ Sui generis system စနစ်ထားရှိ သင့် – မသင့်နှင့် ပတ်သက်၍ အချေအတင် ဆွေးနွေးနေကြသည်။ လက်ရှိမူပိုင်ခွင့်ဥပဒေကို AI ဖြင့် ထုတ်ပေးသည့် လက်ရာများနှင့် အံဝင်ခွင်ကျဖြစ်အောင် ပြင်ဆင်ရန် ကြိုးစားခြင်းသည် ပြဿနာများစွာကို ဖန်တီးနိုင်သည်ဟု ယူဆသောကြောင့်ဖြစ်သည်။ လွဲမှားစွာ အဓိပ္ပာယ်ဖွင့်ဆိုမှုများ အများအပြားနှင့် နိုင်ငံအများက ဟန့်တားရန် ကြိုးစားနေသည့် တရားရုံးအမှုများလည်း အများအပြား ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့ကြောင့် တင်ပြလိုသည့် အဆိုပြုချက်တစ်ခုက Sui generis system စနစ်ကျင့်သုံးရန်ဖြစ်ပါသည်။

နောက်ထပ်ဖြေရှင်းချက်တစ်ခုမှာ အဆင့်လိုက်ကာကွယ်ပေးမှုပုံစံဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။ လူသားတစ်ဦးသည် လုပ်ငန်းတစ်ခု၊ လက်ရာတစ်ခုကို ဖန်တီးရာတွင်ဖြစ်စေ၊ data ဖန်တီးရာတွင် (သို့မဟုတ်) data ကို သင်ကြားလေ့ကျင့်ရာတွင်ဖြစ်စေ မည်မျှပါဝင်ပတ်သက်နေသည်ဆိုသည့်အပေါ်မူတည်၍ သင့်တော်သည့် အဆင့်အတိုင်း အကာအကွယ်ပေးမည့်ပုံစံဖြစ်သည်။ လက်ရာတစ်ခုခုသည် AI သက်သက်ဖြင့် ထုတ်လုပ်သည့် အလုပ် (သို့မဟုတ်) ကိုယ်တိုင်အုပ်ချုပ်စေခိုင်းခွင့်ဖြင့် AI ကို ညွှန်ကြားချက်ပေး၊ စေခိုင်းပြီး AI မှ ထုတ်ပေးသည့် အလုပ်ဖြစ်လျှင် မူပိုင်ခွင့်ဥပဒေဖြင့် အကာအကွယ်ပေးမည်မဟုတ်ဟု ဆိုလိုပါသည်။ ဤကိစ္စတွင် "မူပိုင်ခွင့်"ဟူသော အသုံးအနှုန်းကိုပင် အသုံးပြု၍မရပါ။ ဤအလုပ်ကို အကာအကွယ်မပေးနိုင်ပါ (သို့မဟုတ်) ဤလုပ်ငန်းအတွက် လိုင်စင်ကြေးပေးဆောင်စရာမလိုပါဟု ပြောရမည်ဖြစ်သည်။

အဆင့်လိုက်ကာကွယ်မှု မော်ဒယ်ဆိုသည်မှာ သတ်မှတ်ထားသည့် အဆင့်ခွဲများ ထည့်သွင်းသတ်မှတ်ရန်ဖြစ်သည်။ ဥပမာ လူသားပါဝင်မှု ၃၀ ရာခိုင်နှုန်းနှင့် စက်ပါဝင်မှု ၇၀ ရာခိုင်နှုန်းဖြစ်ခဲ့ပါက ဤ၍ဤမျှပမာဏရှိသော royalty (မူပိုင်ခွင့်အသုံးပြုခွင့်အတွက် မူပိုင်ခွင့်ပိုင်ရှင်အား ပေးဆောင်သောငွေ)ကို ပေးချေရန် (သို့မဟုတ်) အထူးအခွင့်အရေးတချို့ သတ်မှတ်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ မူပိုင်ခွင့်(copyright)ဆိုသည့် စကားလုံးသည် တစ်ခုတည်းသော အခွင့်အရေး မဟုတ်ဆိုသည်ကို နားလည်ထားရန်လိုပါသည်။ မူပိုင်ခွင့်စနစ်အရ မတူညီသည့် အခွင့်အရေးမျိုးစုံ ရှိပါသည်။ ဥပမာ– ပြန်လည်ထုတ်လုပ်ပြသခွင့်၊ အလုပ်လက်ရာကို ပြန်လည်ပြင်ဆင်ထုတ်လုပ်ပိုင်ခွင့်၊ အလုပ်လက်ရာကို အများပြည်သူရှေ့တွင် ဖျော်ဖြေခွင့်၊ အလုပ်လက်ရာကို မိတ္တူကူးယူပိုင်ခွင့် စသည်ဖြင့် အလွန်ရှုပ်ထွေးသည့် နယ်ပယ်ဖြစ်သည်။ ထို့ကြောင့် အဆင့်လိုက် ကာကွယ်မှုပုံစံသည်လည်း ထည့်သွင်းစဉ်းစားရမည့်အချက်ဖြစ်ပါသည်။

နောက်ထပ် ဖြေရှင်းနည်းတစ်ခုမှာ စာချုပ်ပါအခွင့်အရေးများနှင့် အသုံးပြုခွင့်လိုင်စင်များအကြောင်းဖြစ်ပြီး ဆိုလိုသည်မှာ အခြေခံအားဖြင့် AI မှ ထုတ်လုပ်ဖန်တီးသည့် လက်ရာများအပေါ် မူပိုင်ခွင့်ကို စာချုပ်အရ ဆုံးဖြတ်သတ်မှတ်သင့်သည်ဖြစ်သည်။ ဥပမာအားဖြင့် အလုပ်တစ်ခုကို AI ကိရိယာ အားကိုးအသုံးပြု၍ ဖန်တီးထားပြီး အဆိုပါအလုပ်ကို လိုင်စင်ရယူသူက ပြင်ပအဖွဲ့အစည်းတစ်ခုထံ အလုပ်လုပ်ရန်လိုပါက ထိုပြင်ပအဖွဲ့အစည်းနှင့် ညှိနှိုင်းပြီး အခကြေးငွေပေးချေမှုများ၊ လိုင်စင်စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ မည်ကဲ့သို့ ခွဲဝေသတ်မှတ်ကြမည်ကို စာချုပ်ဝင်များအကြား သဘောတူညီချက်ရယူ၍ ရှင်းရှင်းလင်းလင်း စာချုပ်ချုပ်ဆိုထားရမည်ဖြစ်ပြီး ယင်းကိစ္စသည် နိုင်ငံတော်နှင့် လုံးဝမသက်ဆိုင်ပါ။ ယင်းကိစ္စသည် စေ့စပ်ညှိနှိုင်းရေးကိစ္စ၊ စာချုပ်(Contract)ကိစ္စ သက်သက်သာဖြစ်သည်။ ဥပဒေနှင့်လည်း မည်သို့မျှ မသက်ဆိုင်ပါ။

**လူသားများပါဝင်ပတ်သက်မှုကို အမြဲတမ်းမှတ်တမ်းတင်**

နောက်ထပ် အဆိုပြုချက်တစ်ခုမှာ – သင်သည် ဖန်တီးသူဖြစ်စေ၊ ထုတ်လုပ်သူဖြစ်စေ၊ အခုမှ လုပ်ငန်းစတင်ဆောင်ရွက်မည့်သူဖြစ်စေ အကြောင်းအရာထုတ်လုပ်မှု Content Production ကို စတင်သည့်အခါ အကောင်းဆုံးနှင့် အလုံခြုံဆုံးမှာ လူသားများ ပါဝင်ပတ်သက်မှုကို အမြဲတမ်း မှတ်တမ်းတင်ထားရန်ဖြစ်သည်။ ယခုလိုပြောရခြင်း၏ အကြောင်းရင်းမှာ ရှေ့ကို အလုပ်ဆက်လုပ်မည်ဆိုပါက လူတိုင်းနီးပါး (သို့) ဈေးကွက်အားလုံးနီးပါး (သို့) လိုင်စင်တိုင်းသည် လူသားပါဝင်မှုကို မဖြစ်မနေ ထုတ်ဖော်ပြသဖို့ လိုအပ်လိမ့်မည်ဖြစ်သောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် မိမိထုတ်လုပ်ဖန်တီးလိုက်သည့် အကြောင်းအရာနှင့် ပတ်သက်သည့် ဖောင်တစ်ခုခုကို ဖြည့်သည့်အခါဖြစ်စေ၊ assignment form တစ်ခုခုကို ရှာသည့်အခါဖြစ်စေ၊ မိမိသည် AI ဖြင့် ထုတ်လုပ်ထားသောအလုပ်ကို အားကိုးဖန်တီးထားခြင်း ဟုတ် မဟုတ်ကို ထုတ်ဖော်ပြောကြားစေလိုကြသည်။ ထုတ်ဖော်ပြောဆိုခြင်းအပြင်၊ စာရွက်စာတမ်း သို့မဟုတ် အထောက်အထားတစ်ခုခုပင် လိုအပ်ပါလိမ့်မည်။ ထို့ကြောင့် လုပ်ငန်းစတင်သည့် ဦးဆုံးနေ့ကတည်းက လူသားများ၏ ပါဝင်ပတ်သက်မှုကို မှတ်တမ်းတင်ထားခြင်းက ပိုကောင်းပါသည်။

ဤအရာသည် လွယ်ကူသည့် အလုပ်မဟုတ်သော်လည်း ကျွန်ုပ်တို့လုပ်နိုင်သည့်အရာဖြစ်သည်။ အထူးသဖြင့် မီဒီယာအဖွဲ့အစည်းကြီးများတွင် အလုပ်လုပ်နေကြသည့်သူများ၊ အကြောင်းအရာထုတ်လုပ်ရေးတွင် ကြီးကြီးမားမား ပါဝင်ပတ်သက်နေကြသူများဆိုပါက လူသားပါဝင်ပတ်သက်မှုကို မှတ်တမ်းတင်ပြီး ရှင်းလင်းသည့် စာချုပ်များကို အသုံးပြုခြင်းသည် အကောင်းဆုံးဖြစ်သည်။ လက်ရှိ Media အဖွဲ့အစည်းများတွင် AI အသုံးပြုမှုနှင့် ပတ်သက်၍ ပိုမိုရှင်းလင်းစေရန် နမူနာ Case များဖြင့် ရှင်းလင်းလိုပါသည်–

**Case study (1)**

**မေး။** တစ်စုံတစ်ဦးက ၎င်းတို့၏ ကျောင်းပညာပေးဗီဒီယိုတွင် ရုပ်ပုံ သို့မဟုတ် ကာတွန်း အများစုကို ဖန်တီးရန် Generative AI ကို အသုံးပြုခဲ့ပါက မူပိုင်ခွင့်အတွက် စိတ်ပူသင့်ပါသလား၊ အထူးသဖြင့် AI ဖြင့် ထုတ်လုပ်ထားသော အကြောင်းအရာကို လက်ရှိမူပိုင်ခွင့်ရထားသော TV အစီအစဉ်တွင် အသုံးပြုမည်ဆိုပါက မည်ကဲ့သို့ ဆုံးဖြတ်ရမည်နည်း။

**ဖြေ။** ဤကိစ္စတွင် မည်သည့်ကိစ္စအကြောင်းအရာအတွက် အသုံးပြုခြင်းဖြစ်သည် ဆိုသည့်အပေါ် မူတည်လိမ့်မည်ဟု ပြောလိုပါသည်။ ပညာရေးနှင့် စီးပွားဖြစ်မဟုတ်သော ရည်ရွယ်ချက်များအတွက် အသုံးပြုခြင်းသက်သက်ဆိုလျှင်တော့ အဆင်ပြေပါသည်။ အဘယ်ကြောင့်ဆိုသော် မူပိုင်ခွင့်ဥပဒေတိုင်းတွင် သင့်တင့်မျှတသော အသုံးပြုမှုခြွင်းချက်( fair use exception)ဟု လူသိများသော အရာတစ်ခု ရှိပါသည်။ ပညာရေးကဏ္ဍအတွက် ခိုင်လုံသည့် အကြောင်းပြချက်ရှိပြီး ပညာရေးခြွင်းချက်ဆိုသည်မှာ နိုင်ငံတိုင်းလိုလို၌ ရှိပါသည်။ ထို့ကြောင့် ပညာရေးကဏ္ဍအတွက် သီးသန့်ရည်ရွယ်ပြီး စီးပွားဖြစ်မဟုတ်ပါက သုံး၍ရပါသည်။ သို့ရာတွင် အဆိုပါ ပညာရေး video ထုတ်လွှင့်သည့် တီဗွီချန်နယ်သည် ပုဂ္ဂလိကချန်နယ်ဖြစ်ပါက ထိုအကြောင်းအရာကို အသုံးပြု၍ ပုံစံတစ်ခုခုဖြင့် ငွေရယူနေခြင်းရှိပါက မူပိုင်ခွင့်ပိုင်ရှင်သိလျှင် ပြဿနာရှိနိုင်ပါသည်။ အကြံပြုလိုသည်မှာ AI သုံးစွဲမှုကို ရာခိုင်နှုန်းလျှော့ချဖို့ ကြိုးစားပြီး ၆၀ ရာခိုင်နှုန်း–၇၀ ရာခိုင်နှုန်းလောက်သာ သုံးနိုင်ပါက အဆိုပါကိစ္စပြဿနာ နည်းနည်းလျော့ပါးသွားမည်ဖြစ်ပါသည်။

**မေး။** ထိုကဲ့သို့ဆိုလျှင် ပညာရေးဆိုင်ရာ ရုပ်သံထုတ်လွှင့်မှုအတွက် AI ကို အသုံးပြုထားခြင်းဖြစ်သည်ဟု ဖွင့်ဟဖော်ပြလျှင်ရော .....

**ဖြေ။** ဤအချက်သည် အလွန်ကောင်းမွန်သော အချက်ဖြစ်ပြီး ထိုကဲ့သို့သော ရှင်းလင်းချက်မျိုးကို အသုံးပြုပါက (သို့မဟုတ်) ထိုသို့ ထုတ်ဖော်ပြောဆိုပါက ၎င်းသည် စံနှုန်းတစ်ခုဖြစ်လိမ့်မည် ဖြစ်သောကြောင့် အလွန်ကောင်းမွန်သော အလေ့အကျင့်တစ်ခုဖြစ်သည်။ ပွင့်လင်းမြင်သာမှု ဆိုသည်မှာ ထိုကဲ့သို့ အကြောင်းအရာတစ်ခုခုအပေါ်တွင် AI အသုံးပြုထားပါသည်ဟု ကြိုတင်ဖွင့်ဟထားခြင်းမျိုးဖြစ်ပြီး ထိုကဲ့သို့ ပွင့်လင်းမြင်သာစွာ ထုတ်ဖော်သည့် ကျင့်ဝတ်ဖြင့် ဖော်ပြနေသမျှ ကာလပတ်လုံး ပြဿနာမဖြစ်နိုင်ပါ။ ပြဿနာက AI မှ ထုတ်ပေးသည့် အလုပ်တစ်ခုကို AI ဖြင့် လုပ်ထားကြောင်း ဖွင့်ဟပြောကြားခြင်းမရှိဘဲ စီးပွားဖြစ်အသုံးပြု၍ ပိုက်ဆံရှာခြင်းပြုလုပ်ပါက ပြဿနာဖြစ်ပါသည်။ တရားဝင်ဖွင့်ဟဝန်ခံမှုပြုလုပ်ရန် အားပေးတိုက်တွန်းပါသည်။

**Case Study – (2)**

**မေး။** ယခုခေတ်တွင် ကျွန်ုပ်တို့ အများစုသည် chat GPT (သို့မဟုတ်) image generator စသည့် ကိရိယာများကို အလွန်အကျွံ အသုံးပြုနေကြပြီး မေးလိုသည့်မေးခွန်းက ကျွန်ုပ်တို့၏ input များသည် ပူးတွဲစာရေးဆရာတစ်ယောက်အဖြစ် သတ်မှတ်ရန် မလုံလောက်ဘူးလား။ အထူးသဖြင့် AI ဖြင့် ရေးသားဖန်တီးထားသည့်ဆောင်းပါးကို မူပိုင်ခွင့်အကာအကွယ်ပေးခဲ့သည့် တရုတ်နိုင်ငံ၏ တရားရုံးက ခွင့်ပြုပေးသည့် နမူနာကိစ္စလိုမျိုး မဖြစ်နိုင်ဘူးလား။

**ဖြေ။** ထိုသို့ဆိုပါက input(prompts) ပေးသည့် လူသားနှင့် AI ကြား၊ AI tool ကိရိယာများနှင့် ဖန်တီးသူကိုယ်တိုင်ကြား မည်သူက မည်မျှလောက်ဆိုသည့် ညွှန်ပြချက်မျဉ်းကို မည်သို့သတ်မှတ်မည်နည်း။ အဆိုပါအရာက ဖြေကြားရန်ခက်သည့် မေးခွန်းဖြစ်သည်။ ပူးတွဲရေးသားခွင့်ဆိုင်ရာ မေးခွန်းနှင့် ပတ်သက်ပြီး တရားရုံးများသည်လည်း မည်သည့် မှတ်ချက်မှ ပေးထားခြင်းမရှိသေးပါ။ လူသားတစ်ဦးကို ပူးတွဲရေးသားသူဟု ယူဆနိုင်သည်ဖြစ်စေ (သို့မဟုတ်) သင်တစ်ဦးတည်းသာ စာရေးဆရာဖြစ်နိုင်သည်ဟု ယူဆသည်ဖြစ်စေ သင်၏ညွှန်ကြားချက်များ (Prompts)ပေးရာတွင် စစ်မှန်မှုရှိရမည်ဖြစ်ပါသည်။ ဖွင့်ဟထုတ်ဖော်မှုကိုသာ အသုံးပြုပါ။ မူပိုင်ခွင့်ကို ဖောက်ဖျက်ရန် မေးခွန်းက သိပ်မများဘူးဟု ယူဆပါသည်။ ပြဿနာက မူပိုင်ခွင့်ကို လိုင်စင်ချသည့်အခါ နောက်တစ်ကြိမ် ပေါ်လာမည်ဖြစ်ပါသည်။ သင်သည် ဆော့ဖ်ဝဲလ် (သို့မဟုတ်) AI မှ ထုတ်ပေးသည့် ဖန်တီးမှုကို အသုံးပြုမည်ဟု တွေးနေပြီး မူပိုင်ခွင့်ကာကွယ်မှု (သို့မဟုတ်) မူပိုင်ခွင့်လျှောက်လွှာကို တင်သွင်းမည်ဆိုပါက မူပိုင်ခွင့်ရုံးသည် သင့်အားထုတ်ဖော်ပြောကြားရန် သေချာပေါက် တောင်းဆိုမည်ဖြစ်ပြီး ၎င်းတို့က ဆက်လက်အကဲဖြတ်ဆုံးဖြတ်မည်ဖြစ်ပါသည်။

**Case study– (3)**

**မေး။** ကျွန်ုပ်တို့ပြုလုပ်နေသည့် မှတ်တမ်းရုပ်ရှင်များတွင် AI ဖြင့်ပြုလုပ်သော ဗီဒီယိုများ ပါဝင်မည်ဖြစ်ပြီး မူပိုင်ခွင့်အကာအကွယ်ရယူရန် လျှောက်ထားမည်ဆိုပါက လောလောဆယ်တွင် စည်းမျဉ်းစည်းကမ်းမရှိသေးဟု နားလည်ပါသည်။ ဟုတ်ပါသလား။

**ဖြေ။** သင့်မှတ်တမ်းရုပ်ရှင်များတွင် AI ဖြင့် ဖန်တီးထားသည့် ဗီဒီယိုအချို့ကို သုံးနိုင်သည်ဟု ထင်သော်လည်း အလုံးစုံသောအချက်မှာ ကျင့်ဝတ်ဆိုင်ရာ အပြုအမူတစ်ခုသာဖြစ်ပါသည်။ မိနစ် ၂၀ မှတ်တမ်းရုပ်ရှင်တစ်ခု ရိုက်ကူးနေပြီး ထိုရုပ်ရှင်တွင် ၁၅ မိနစ်ကို AI ဖြင့် ဖန်တီးထားကာ သင့်ကိုယ်ပိုင်ဖန်တီးမှုမှာ ၅ မိနစ်ပဲရှိသည်ဆိုပါက ပြဿနာဖြစ်မည်ဖြစ်ပါသည်။ မိနစ် ၂၀ မှတ်တမ်းရုပ်ရှင်တွင် ၅ မိနစ်က AI ဖြင့် ဖန်တီးပြီး ကျန် ၁၅ မိနစ်က သင့်ကိုယ်ပိုင်ဖန်တီးမှုဆိုလျှင် အဆင်ပြေမည်ဖြစ်ပါသည်။ AI က ကျွန်ုပ်တို့၏ဘဝများကို ပိုမိုလွယ်ကူအောင် ပြုလုပ်ရန် ရည်ရွယ်ထားသော်လည်း အစားထိုးရန်တော့ ရည်ရွယ်၍မရပါ။ သင်၏ အကြောင်းအရာ ဖန်တီးမှုတွင် AI မှ ကြီးမားသောအစိတ်အပိုင်းအဖြစ် ပါဝင်နေပြီဆိုပါက ယင်းသည် ကျင့်ဝတ်ဆိုင်ရာ ရှုထောင့်မှ သော်လည်းကောင်း၊ တရားဥပဒေရှုထောင့်မှ သော်လည်းကောင်း ပြဿနာကြီးဖြစ်လာမည်ဖြစ်ပါသည်။

ယနေ့ခေတ်၏ အကြောင်းအရာ ဖန်တီးသူတစ်ဦးအနေဖြင့် နောင်အနာဂတ်တွင် ပြောင်းလဲလာမည့် စည်းမျဉ်းများအရ မိမိ၏ထုတ်လုပ်ရေးလုပ်ငန်းများ၌ ပြဿနာဖြစ်ခြင်းများမှ ရှောင်ရှားနိုင်စေရန်နှင့် မိမိကိုယ်ကိုယ် ဘေးကင်းနေစေရန်အတွက် အစပိုင်းကတည်းက ပရိသတ်ကို ရှင်းလင်းချက်ဖြင့် အသိပေးခြင်းကို အသုံးပြုစေလိုပါသည်။ Video clip ထုတ်လုပ်ခြင်းအတွက် အံဝင်ခွင်ကျဖြစ်သော AI tool တစ်မျိုးကို အသုံးပြုထားကြောင်း ပွင့်လင်းစွာ ကြိုတင်ဖွင့်ဟ အသိပေးထားရန်ဖြစ်ပါသည်။ မူပိုင်ခွင့်ဆိုင်ရာ ပြဿနာများနှင့် ယင်းတို့ကို မည်သို့ ရှောင်ရှားရမည်ဆိုသည်ကို ယနေ့ခေတ် မီဒီယာလုပ်ငန်းတစ်ဝန်းလုံးရှိ ကျွမ်းကျင်ပညာရှင်များထံမှ အကြံပြုချက်များ (သို့မဟုတ်) အဆိုပြုချက်များကို သိရှိရန် ကြိုးစားပါ။ နိဂုံးချုပ်အနေဖြင့် အကြံပြုလိုသည်မှာ AI မှ ထုတ်လုပ်သော အလုပ်များကို မည်ကဲ့သို့ ကာကွယ်ရမည်ကို ကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှု မရှိသေးကြောင်း သိထားရမည်ဖြစ်ပါသည်။ ယခုအချိန်ထိ မူပိုင်ခွင့်အကာအကွယ်ပေးမှုအတွက် လူသားများ၏ ဖန်တီးမှုသည် အခရာဖြစ်ပါသည်။ တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ရှေ့တန်းတင်စောင့်ကြည့်ပါ။ နိုင်ငံတကာအဆင့် တရားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စောင့်ကြည့်ခြင်းထက် ပြည်တွင်းတွင် အလုပ်လုပ်နေကြခြင်းဖြစ်သည့်အတွက် ပြည်တွင်းတရားစီရင်ပိုင်ခွင့်များကို စောင့်ကြည့်မည်ဆိုပါက အထိရောက်ဆုံးဖြစ်မည်ဖြစ်ပါသည်။

**Reference: Dr. Seemantani Sharma, Legal Manager, Asia–Pacific Broadcasting Union**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မုံရွာ ဒီဇင်ဘာ ၉**

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု အထိမ်းအမှတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ပေါင်းစုံ အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ကြီးဌာနများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပြိုင်ပွဲဝင်အသင်းများနှင့် အုပ်ချုပ်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် ယှဉ်ပြိုင်လျှင် အနိုင်ရမည်ဆိုသည့် အားကစားစိတ်ဓာတ်ဖြင့် အနိုင်မခံ အရှုံးမပေး ဖွဲ့စိတ်ဓာတ်ကို အရင်းခံပြီး တရားသော ယှဉ်ပြိုင်ခြင်းဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားသွားကြရန်နှင့် မိမိတို့ ဌာနဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးသွားကြရန် လိုအပ်ကြောင်းပြောကြားပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု အထိမ်းအမှတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ပေါင်းစုံ အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ယင်းနောက် မုံရွာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ဘင်ခရာ၊ ပန်းဖွား၊ Fitness Dance အကများဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး ဂုဏ်ဆောင် ထူးချွန်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ကပြဖျော်ဖြေပေးခဲ့ကြသည့် ဘင်ခရာ၊ ပန်းဖွား၊ Fitness Dance အကအဖွဲ့များနှင့် အလံကိုင်၊ ဆိုင်းဘုတ်ကိုင်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အဖွင့်ပွဲစဉ်အဖြစ် မုံရွာတက္ကသိုလ် ဘောလုံးအသင်းနှင့် ပဥ္စအားမာန်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မုံရွာတက္ကသိုလ်အသင်းက အနိုင်ရရှိသွားပြီး အဆိုပါ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၉ ရက်မှ ၂၇ ရက်အထိ အားကစားနည်း ၁၂ နည်း ထည့်သွင်းယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကာ ဝန်ကြီးဌာနများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၉**

“စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်” ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ထားဝယ်မြို့ အမှတ် (၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။




ဆုချီးမြှင့်ပွဲတွင် တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကား ပြောကြားပြီး လူငယ်စာပေဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူ၊ ပါဝင်ဆွေးနွေးသော ကျောင်းသား ကျောင်းသူ ငါးဦးနှင့် အထက်တန်း အဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးတို့ကို ဆုများ ချီးမြှင့်ကာ **(ဝဲပုံ)** တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးတို့ကို ဆုချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးက အလယ်တန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးကို လည်းကောင်း၊ တိုင်းဒေသကြီးဥပဒေချုပ်က မူလတန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တာဝန်ရှိသူများက ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ကြပြီး အထက(၇) ကျောင်းစာကြည့်တိုက်အတွက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေး အသင်းတို့က စာအုပ်စာစောင်များကို လည်းကောင်း၊ တိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်း၊ ပန်းကံ့ကော်ရနံ့ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ကျောင်းအကျိုးဆောင်များက အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# နန်နင်းမြို့ရှိ အဆင့်မြင့် AI အသုံးချမှုများကို လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၉**

ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ် အတတ်ပညာ မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပိုင်ဆယ်အစိုးရ အရာရှိများကောလိပ်မှ တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၆ ရက်က ဉာဏ်ရည်တု နည်းပညာ နှီးနှောဖလှယ်ပွဲ ပဉ္စမနေ့အဖြစ် နန်နင်းမြို့၌ ဆက်လက်လေ့လာသည်။ **(အပေါ်ယာပုံ)**

ယင်းနေ့ နံနက်ပိုင်း၌ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တရုတ်-အာဆီယံ ကျန်းမာရေး စောင့်ရှောက်မှု ပူးပေါင်းဆောင်ရွက်ရေးစင်တာသို့ရောက်ရှိရာ တာဝန်ရှိသူများက နှစ်ပေါင်း ၉၀ ကျော် သက်တမ်းရှိသော ဆေးရုံ၏ သမိုင်းကြောင်းများနှင့် အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့မှု၊ ၂၀၂၅ ခုနှစ်၌ စင်တာ စတင်တည်ထောင်မှု၊ အသက်အန္တရာယ်ရှိသော လူနာများအတွက် One Stop Health Care အစီအစဉ်များဖြင့် ကုသပေးမှု၊ ဗီဒီယိုကွန်ဖရင့်စနစ်ကို အသုံးပြု၍ AI ဆရာဝန်ဖြင့် Online မှတစ်ဆင့် ကျေးလက်ဒေသနှင့် ပြည်ပလူနာများအတွက် သက်ဆိုင်ရာ ဘာသာစကားအလိုက် ဆေးကုသခြင်း ပြုလုပ်နိုင်မှု၊ AI နည်းပညာ အသုံးပြု၍ တရုတ် တိုင်းရင်းဆေးပညာ စမ်းသပ်မှုများကို ဆောင်ရွက်နိုင်ပြီး ကုထုံးဆိုင်ရာ အကြံဉာဏ်များကို ရယူနိုင်မှုများကို လိုက်လံရှင်းလင်းပြသရာ မြန်မာကိုယ်စားလှယ်အဖွဲ့က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှင်ကျူးရပ်ကွက်သို့ ရောက်ရှိရာ ရပ်ကွက် CPC ပါတီကော်မတီ အတွင်းရေးမှူး Qin Yuning နှင့် တာဝန်ရှိသူများက ရပ်ကွက်ဆိုင်ရာ အကြောင်းအရာများကို ရုံးခန်းများ၊ လူထုဝန်ဆောင်မှုပေးသည့် နေရာဌာနများတွင် လိုက်လံရှင်းလင်းပြသရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များကိုပြန်လည်မေးမြန်းဆွေးနွေးသည်။



ညနေပိုင်း၌ တရုတ်-အာဆီယံ AI တီထွင်ဆန်းသစ်မှုစင်တာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ပေကျင်း၊ ရှန်ဟိုင်းနှင့် ကွမ်ကျိုးတို့တွင် သုတေသနဆောင်ရွက်ကာ ကွမ်ရှီး၌ စုစည်းပေါင်းစပ်၍ အာဆီယံနိုင်ငံများတွင် အသုံးချမှုအတွက် တရုတ်-အာဆီယံ AI ပူးပေါင်းဆောင်ရွက်ရေး ပလက်ဖောင်း တည်ထောင်ထားမှု၊ AI အသုံးချမှုဆိုင်ရာ Chip ပြားထုတ်လုပ်မှု၊ အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှု၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ခရီးသွားလာရေး၊ အများပြည်သူဝန်ဆောင်မှု စသည့် လုပ်ငန်းများအတွက် AI နည်းပညာဖြင့် မြှင့်တင်ဆောင်ရွက်နေမှု၊ ပေကျင်း၊ ရှန်ဟိုင်းနှင့် ကွမ်ကျိုးတို့တွင် သုတေသန ဆောင်ရွက်ကာ ကွမ်ရှီးတွင် စုစည်းပေါင်းစပ်၍ အာဆီယံနိုင်ငံများတွင် အသုံးချမှု၊ လာအိုပြည်သူ့သမ္မတနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ပြီး အမျိုးသားအဆင့် AI မော်ဒယ်ကို တည်ထောင်ထားမှု၊ AI ဆရာဝန်၊ AI စိုက်ပျိုးရေး၊ AI မျက်မှန်၊ AI ကုလားထိုင်၊ AI ဇာတ်လမ်းတို စသည့် AI နည်းပညာဖြင့် လူမှုစီးပွားဘဝ သာယာဝပြောရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်နေမှု၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း ၃၈ ခုတို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ပြခန်းများအလိုက် လိုက်လံရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများကို ပြန်လည်မေးမြန်း ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တရုတ်-အာဆီယံ သတင်းအချက်အလက် ဆိပ်ကမ်းစင်တာသို့ရောက်ရှိရာ တာဝန်ရှိသူများက ဒစ်ဂျစ်တယ်ပိုးလမ်းမကြီး စီမံကိန်းအရ အာဆီယံနိုင်ငံများနှင့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများအား ဆောင်ရွက်နေမှုများကို ပြခန်းများအလိုက် လိုက်လံရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

ရိုးရာခြင်းလုံး အမျိုးသမီးပြိုင်ပွဲ အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲ တွင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအိုအသင်းတို့ ယှဉ်ပြိုင်ခတ်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၃၉၄ မှတ်၊ လာအိုအသင်းက ရမှတ် ၃၁၇ မှတ်၊ မြန်မာအသင်းက ရမှတ် ၄၆၁ မှတ်၊ မလေးရှားအသင်းက ရမှတ် ၁၁၈ မှတ် ရရှိခဲ့သည့်အတွက် မြန်မာအမျိုးသမီး အသင်းအနေဖြင့် ရမှတ်အများဆုံး ရရှိထားပြီး ဖြစ်သည်။

ရိုးရာခြင်းလုံး အမျိုးသားပြိုင်ပွဲ အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအိုနှင့် အရှေ့တီမော အသင်းတို့ ယှဉ်ပြိုင်ခတ်ကစားခဲ့ရာ ထိုင်းအသင်းက ရမှတ် ၅၀၁ မှတ်၊ လာအိုအသင်းက ရမှတ် ၄၁၀ မှတ်၊ မြန်မာအသင်းက ရမှတ် ၅၄၅ မှတ်၊ မလေးရှားအသင်း က ရမှတ် ၁၆၇ မှတ်နှင့် အရှေ့တီမောအသင်းက ရမှတ် ၆၈ မှတ်တို့ အသီးသီး ရရှိခဲ့သည့်အတွက် မြန်မာအမျိုးသားအသင်းအနေဖြင့် ရမှတ်အများဆုံး




ရရှိထားပြီးဖြစ်သည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာအားကစား အဖွဲ့ ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် မြန်မာခြင်းလုံးအဖွဲ့မှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ အား နောက်ထပ်ယှဉ်ပြိုင်မည့် ပြိုင်ပွဲ ပွဲစဉ်တွင် ယခုထက်ပိုမိုကောင်းမွန်သည့် ရမှတ်များရရှိအောင် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားရန် အားပေးစကား ပြောကြားပြီး ရမှတ်အများဆုံး ရရှိထားသည့် မြန်မာခြင်းလုံးအဖွဲ့မှ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းမှ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့အတူ ခရစ်ကတ် T10 အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဘန်ကောက်မြို့ရှိ TredThai Cricket Grounds, Asian Institute of Technology ၌ ကျင်းပခဲ့ရာ T10 အမျိုးသမီးပြိုင်ပွဲ ပထမနေ့ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ 10 Overs တွင် ဘောလုံးရိုက်ချက်ပေါင်း ရမှတ် ၉၉ မှတ် ရိုက်နိုင်ခဲ့ပြီး ဖိလစ်ပိုင်အသင်းမှ 10 Overs ပြန်ရိုက်ခဲ့ရာတွင် ရမှတ် ၅၉ မှတ်သာ ရိုက်နိုင်ခဲ့သည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ရမှတ် ၄၀ မှတ်အသာဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## Building Together and Better for the future with Integrated Project Management System အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၉**

အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ (High Rise and Public Building Projects Committee) မှ အထပ်မြင့် စီမံကိန်းများတွင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော Project Director, Project Manager များနှင့် Construction Engineer များအတွက် "Building Together and Better for the future with Integrated Project Management System" အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းများကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့ နာယက ဒေါက်တာ အောင်ကျော်မြတ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော် နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေး တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင် အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ "Building Together and Better for the future with Integrated Project Manage- ment System" Workshop ကို ဒီဇင်ဘာ ၅ ရက်၊ ၆ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက် လေးရက်ကြာဆွေးနွေးပို့ချလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**


မန်ယူတွင်းလယ်ကစားသမား ဖာနန်ဒက်စ်
ဝုဖ်အသင်းဂိုးဘက်သို့
ပယ်နယ်တီ ကန်သွင်းယူစဉ်။

## မန်ယူက ဖာနန်ဒက်စ်ခြေစွမ်းပြသွင်းဂိုးများနှင့်အတူ တန်းဆင်းဇုန်အောက်ဆုံးက ဝုဖ်ကို ဂိုးပြတ်အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၁၅) မှ ဒီဇင်ဘာ ၉ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဝုဖ်နှင့် မန်ယူအသင်းပွဲစဉ်တွင် မန်ယူအသင်းက ဘရူနို ဖာနန်ဒက်စ်၏ ခြေစွမ်းပြသွင်းဂိုးများနှင့်အတူ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အမှတ်ပေးဇယားအောက်ဆုံးရောက်နေပြီး ပထမဆုံးပရီမီယာလိဂ်နိုင်ပွဲရှာတွေ့ရေး အားစိုက်ကစားလာသည့် ဝုဖ်အသင်းသည် ခြေစွမ်းကောင်းအချို့ပြသနိုင်ခဲ့သော်လည်း တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းသာလွန်မှုရှိသည့် မန်ယူအသင်းကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ နိုင်ပွဲနှင့် ဆက်လက်ဝေးကွာကာ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

မန်ယူအသင်းသည် ပွဲစကတည်းက ဝုဖ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၅ မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ အဆိုပါ သွင်းဂိုးကိုအသင်း အဓိက ကွင်းလယ်ကစားသမား ဖာနန်ဒက်စ်က သွင်းယူပေးခဲ့သည်။

ပထမပိုင်း ပွဲချိန်ပြည့်ခါနီးတွင် ဘဲလ်ဂါ့ဒ်က ဝုဖ်အသင်းအတွက် ချေပဂိုး သွင်းယူပေးခဲ့သည်။ မန်ယူအသင်းအတွက် ဒုတိယဂိုး နှင့် တတိယဂိုးကို ပွဲချိန် ၅၁ မိနစ်နှင့် ၆၂ မိနစ်တွင် အမ်ဘူမိုနှင့် မောင့်တို့က သွင်းယူပေးခဲ့သည်။

ဝုဖ်အသင်းသည် ပွဲချိန်ကြာလာသည်နှင့်အမျှ သွင်းဂိုးရရှိရေးထက် မန်ယူအသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကို ဟန့်တားကာကွယ်ခဲ့ရသည်။ မန်ယူအသင်းအတွက် အနိုင်သေချာစေမည့် စတုတ္ထဂိုးကို ဖာနန်ဒက်စ်ကပင် သွင်းယူပေးခဲ့သည်။ ဖာနန်ဒက်စ်သည် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု တစ်ကြိမ်နှင့် နှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ မန်ယူအသင်းသည် ယခုအနိုင်ပွဲကြောင့် ရမှတ် ၂၅ မှတ်ဖြင့် အဆင့် (၆) အထိ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

✳ *ကျောဖုံးမှ*

ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် (၇) ကြိမ်မြောက် လက်ခံယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်သည်။ ထိုင်းနိုင်ငံ၌ ယခုအကြိမ် ကျင်းပမှုမှာ ၂၀၀၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို ထိုင်းဘုရင် မဟာဝဇီရာလောင်ကွန်းနှင့် မိဖုရား ဆုသီဒါတို့ တက်ရောက်ဖွင့်လှစ်ခဲ့သည်။

### အိမ်ရှင်ထိုင်းနိုင်ငံက အားကစားသမား အများဆုံး ယှဉ်ပြိုင်သွားမည်

ဆီးဂိမ်းပြိုင်ပွဲသည် ရွှေတံဆိပ်ဆုများ ရယူရန်သာမက အရှေ့တောင်အာရှနိုင်ငံများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို ခိုင်မာအားကောင်းစေသည့် အားကစားချစ်ကြည်ရေး တံတားတစ်စင်းလည်းဖြစ်သည်။ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည့် ဆီးဂိမ်းပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်လည်းဖြစ်သည်။ ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်ထိုင်းနိုင်ငံက အားကစားသမား ၁၅၃၅ ဦးဖြင့် အများဆုံးယှဉ်ပြိုင်သွားမည်ဖြစ်သည်။

### ဆီးဂိမ်းပြိုင်ပွဲကို ၁၉၅၉ ခုနှစ်က စတင်ကျင်းပ

ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲကို အားကစားနည်း ၅၀ တွင် အားကစားသမားထောင်ပေါင်းများစွာက ရွှေတံဆိပ်ဆွတ်ခူးရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို ၁၉၅၉ ခုနှစ်က စတင်ကျင်းပခဲ့ကာ ယခုဆိုလျှင် (၃၃) ကြိမ်မြောက်အထိ ရှိလာပြီဖြစ်သည်။ ထိုစဉ်ကလည်း ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး အားကစားနည်း ၁၂ မျိုးဖြင့် ၁၉၅၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည်။

### ထိုင်းနိုင်ငံက ရွှေတံဆိပ် ၂၄၅၃ ခုဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေ

ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် (၃၂)ကြိမ်မြောက် ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲအထိ စုစုပေါင်း ရွှေတံဆိပ် အများဆုံးရရှိမှုစာရင်းတွင် ထိုင်းနိုင်ငံက ရွှေတံဆိပ် ၂၄၅၃ ခုဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ယင်းနောက်တွင် အင်ဒိုနီးရှားနိုင်ငံက ၁၉၈၂ ခု၊ မလေးရှားနိုင်ငံက ၁၃၇၆ ခု၊ ဗီယက်နမ်နိုင်ငံက ၁၂၆၉ ခု၊ ဖိလစ်ပိုင်နိုင်ငံက ခု ၁၁၈၀၊ စင်ကာပူနိုင်ငံက ၁၀၄၅ ခု၊ မြန်မာနိုင်ငံက ၅၉၄ ခု၊ ကမ္ဘောဒီးယားနိုင်ငံက ၁၅၉ ခု၊ လာအိုနိုင်ငံက ၇၇ ခု၊ ဘရူနိုင်း နိုင်ငံက ၁၇ ခုနှင့် တီမောလက်စ်တေနိုင်ငံက ၃ ခုဖြင့် အသီးသီး ရပ်တည်နေသည်။

**ဇော်ဇော်**




## ချောက်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ချောက် ဒီဇင်ဘာ ၉**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ချောက်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ချောက်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက အလှဆုံးပန်းများ ပွင့်ကြပြီ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အမှာ စကား ပြောကြားသည်။ ယင်းနောက် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် "အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်း'' Never Stop Learning Talk Show တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**မြို့နယ် (ပြန်/ဆက်)**

# အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့ အော့ခ်ကပ်စ်လုံခြုံရေး သဘောတူစာချုပ် ဆက်လက်လုပ်ဆောင်ရန် အတည်ပြု

**ဝါရှင်တန် ဒီဇင်ဘာ ၉**

အမေရိကန်နှင့် ဩစတြေးလျနိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများသည် အော့ခ်ကပ်စ်လုံခြုံရေး သဘောတူစာချုပ်ကို ဆက်လက်လုပ်ဆောင်ရန် ၎င်းတို့၏ရည်ရွယ်ချက်ကို အတည်ပြုခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက်သ်တို့သည် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်နှင့် ကာကွယ်ရေးဝန်ကြီး ရစ်ချာ့ဒ်မာလပ်စ်တို့နှင့် ဝါရှင်တန်တွင် ဒီဇင်ဘာ ၈ ရက်က တွေ့ဆုံခဲ့သည်။

အစည်းအဝေးမစတင်မီ ဟက်ဆက်သ်က မိမိတို့သည် အော့ခ်ကပ်စ်ကို အရှိန်အဟုန်အပြည့်ဖြင့် ဆက်လက်ရွေ့လျားသွားမည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

ဩစတြေးလျ၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံတို့ကြား အော့ခ်ကပ်စ်သဘောတူညီချက်ကို ပြန်လည်သုံးသပ်နေသည်ဟု ဇွန်လတွင် အမေရိကန်အစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။

လုံခြုံရေးသဘောတူညီချက်ကို ပိုမိုအားကောင်းစေခြင်းသည် အဖွဲ့ဝင်နိုင်ငံများ၏အကျိုးအတွက် ဖြစ်လိမ့်မည်ဟု ဝန်ကြီးလေးဦးက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**




# ဂျပန်နိုင်ငံ၌ ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ ငလျင်လှုပ်ခတ်

**တိုကျို ဒီဇင်ဘာ ၉**

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ဒီဇင်ဘာ ၈ ရက်နှောင်းပိုင်းက ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီးနောက် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားသည်။

**ငလျင်ကြောင့် ၃၃ ဦး ထိခိုက်ဒဏ်ရာရရှိ**

အဆိုပါ ငလျင်မှာ ဒီဇင်ဘာ ၈ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က အအိုမိုရီစီရင်စု၏ အရှေ့ဘက်ကမ်းရိုးတန်းတွင် အနက် ၅၄ ကီလိုမီတာကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်၌ ဖော်ပြထားသည်။ ဒီဇင်ဘာ ၉ ရက် ညနေ ၅ နာရီအထိ ဟော့ကိုင်းဒိုး၊ အအိုမိုရီနှင့် အီဝါတဲစီရင်စုများရှိ အာဏာပိုင်များက ငလျင်ကြောင့် ၃၃ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ပြောသည်။

အာဏာပိုင်များသည် ကနဦးတွင် အီဝါတဲ၊ ဟော့ကိုင်းဒိုးနှင့် အီဝါတဲ စီရင်စုဒေသအများအပြားအတွက် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားသော်လည်း နောက်ပိုင်းတွင် အကြံပေးချက်များအဖြစ် လျှော့ချခဲ့သည်။ ဒီဇင်ဘာ ၉ ရက် နံနက် ၆ နာရီ မိနစ် ၂၀ တွင် အကြံပေးချက်များအားလုံးကို ရုပ်သိမ်းခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် အအိုမိုရီစီရင်စုတွင် ပြတင်းပေါက်များ ကွဲအက်ခြင်းအပါအဝင် ထိခိုက်ပျက်စီးမှုများကြောင့် ဒီဇင်ဘာ ၉ ရက်တွင် စီရင်စုတစ်ဝန်းပိတ်ထားရသည့် စာသင်ကျောင်းပေါင်း ၁၃၉ ကျောင်းအထိ ရှိလာပြီဖြစ်ကြောင်း ပညာရေးဝန်ကြီးက ပြောသည်။

အစိုးရ၏ ထုတ်ပြန်ချက်တွင် လာမည့်သီတင်းပတ်အတွင်း ငလျင်ကြီး လှုပ်ခတ်နိုင်ခြေရှိကြောင်း ဖော်ပြထားသည်။ ထိုကဲ့သို့ ငလျင်ထပ်မံလှုပ်ခတ်ခဲ့ပါက အသက်ပေါင်း ၂၀၀ ၀၀၀ အထိ ဆုံးရှုံးနိုင်ကြောင်း တိုကျိုတက္ကသိုလ် ဘွဲ့လွန်ကျောင်းမှ ပါမောက္ခ ဆယ်ကီယာ နာဂိုယက ပြောသည်။ **အင်န်အိတ်ချ်ကေ**




# အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ဆီးရီးယားယာယီသမ္မတ တောင်းဆို

**ဒမတ်စကတ် ဒီဇင်ဘာ ၉**

ဆီးရီးယားသမ္မတဟောင်း ဘတ်ရှာအယ်လ်အာဆက် ပြုတ်ကျပြီးတစ်နှစ်ပြည့်မြောက်သည့်အချိန်တွင် ဆီးရီးယားယာယီသမ္မတ အာမက်အယ်လ်ရှာရာက အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် တောင်းဆိုလိုက်သည်။

အာဆက်အစိုးရသည် မျိုးဆက်နှစ်ဆက်ကျော်တိုင် ရာစုနှစ်ထက်ဝက်ကျော် ဆီးရီးယားနိုင်ငံကို ထိန်းချုပ်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် အစိုးရယန္တရားပြိုလဲခဲ့သည်။

ရှာရာလက်ထက်တွင် ဆီးရီးယားနိုင်ငံကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။

ရှာရာသည် ဒီဇင်ဘာ ၈ ရက်တွင် ဒမတ်စကတ်၌ စစ်ဝတ်စုံဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။ ရှာရာသည် လွန်ခဲ့သောနှစ်က ၎င်း၏အောင်မြင်မှုများကို ဦးစားပေးဖော်ပြခဲ့သည်။ ထို့အပြင် ဆီးရီးယားပြည်သူများကို စိတ်ရှည်တည်ကြည်မှုမှသည် အောင်မြင်မှုများဆီသို့ ဆက်လက်ချီတက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုမှတစ်ဖန် အောင်မြင်မှုကို တာဝန်တစ်ခုအဖြစ်သတ်မှတ်ရန်နှင့် နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးအတွက် ပြင်းပြင်းထန်ထန် အလုပ်လုပ်ကြရန် တိုက်တွန်းခဲ့သည်။

ရှာရာခေါင်းဆောင်ဖြစ်လာချိန်တွင် ယခင်အစိုးရအပေါ် ပိတ်ဆို့အရေးယူမှုများကိုလည်း အနောက်နိုင်ငံများက ဖယ်ရှားပေးခဲ့သည်။

ယာယီသမ္မတသည် ဆယ်စုနှစ်တစ်ခုကျော် ပြည်တွင်းစစ်အပြီးတွင် နိုင်ငံတကာအသိုက်အဝန်း၏ အကူအညီဖြင့် ဆီးရီးယားနိုင်ငံ၏ ပြန်လည်တည်ဆောက်ရေးကို အရှိန်မြှင့်ရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံက အဝေးထိန်း အာရုံခံဂြိုဟ်တုသစ် အာကာသအတွင်းသို့ အောင်မြင်စွာလွှတ်တင်



**ပေကျင်း ဒီဇင်ဘာ ၉**

တရုတ်နိုင်ငံသည် လောင်းမာ့ချ်-၄ ဘီ သယ်ဆောင်ရေးဒုံးပျံကို အသုံးပြု၍ Yaogan-47 အမည်ရှိ ဂြိုဟ်တုသစ်တစ်စင်းကို ဒီဇင်ဘာ ၉ ရက်တွင် အာကာသအတွင်းသို့ လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ အဝေးထိန်းအာရုံခံဂြိုဟ်တုကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ကျိုချွမ်ဂြိုဟ်တုလွှတ်တင်ရေး စင်တာမှ ပေကျင်းစံတော်ချိန် နံနက် ၁၁ နာရီ ၄၁ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး စီစဉ်သတ်မှတ်ထားသော ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းဂြိုဟ်တုကို အမျိုးသားမြေယာတိုင်းတာရေးလုပ်ငန်းများ၊ မြို့ပြစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများ၊ လမ်းကွန်ရက်ဒီဇိုင်းဆွဲခြင်းလုပ်ငန်းများ၊ သီးနှံအထွက်နှုန်းခန့်မှန်းခြင်း၊ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု၊ ဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှော့ချရေးလုပ်ငန်းများတွင် အဓိကထား အသုံးပြုသွားဖွယ်ရှိသည်။ Yaogan-47 ဂြိုဟ်တုလွှတ်တင်မှုမှာ လောင်းမာ့ချ်သယ်ဆောင် ရေးဒုံးပျံများ၏ (၆၁၄) ကြိမ်မြောက် ပျံသန်းရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျကာတာရုံးအဆောက်အအုံတစ်လုံး မီးလောင်မှုကြောင့် သေဆုံးသူ ၂၂ ဦးအထိရှိလာ

**ဂျကာတာ ဒီဇင်ဘာ ၉**

ဒီဇင်ဘာ ၉ ရက်က အင်ဒိုနီးရှားနိုင်ငံမြို့တော်ဂျကာတာအလယ်ပိုင်းဒေသရှိတယ်ရာဒရုန်းရုံးအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားပြီးနောက် လူ ၂၂ ဦး သေဆုံးခဲ့သည်ဟု ဒေသအာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

မီးလောင်မှုကို ငြိမ်းသတ်ရန် မီးသတ်ကား ၂၉ စီးနှင့် မီးသတ်သမား ၁၀၁ ဦးတို့ကို မီးလောင်မှုဖြစ်ပွားရာနေရာသို့ ဖြန့်ကြက်ချထားသည်ဟု ဂျကာတာအလယ်ပိုင်းဒေသ မီးသတ်ဌာန၏ သတင်းထုတ်ပြန်ရေးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ ဒါဝီဆက်ပ်တီယန်တိုက ပြောကြားခဲ့သည်။

မီးလောင်မှုသတင်းကို မွန်းလွဲ ၁၂ နာရီ ၄၃ မိနစ်တွင် ရရှိခဲ့ပြီးနောက် မီးလောင်မှုဖြစ်ပွားရာနေရာသို့ အရေးပေါ်ချက်ချင်း သွားရောက်ခဲ့ကြောင်းနှင့် မီးလောင်မှုသည် အဆိုပါအဆောက်အအုံ ပထမထပ်ရှိ ဘက်ထရီမှ စတင်ဖြစ်ပွားနိုင်သည်ဟု ယူဆရကြောင်း ၎င်းက ပြောသည်။

အဆိုပါအဆောက်အအုံတွင် ဒရုန်းများအတွက် လစ်သီယမ်ဘက်ထရီများကို ထုတ်လုပ်လျက်ရှိသည်။ မီးလောင်မှုကြောင့် သေဆုံးသူများသည် ဘက်ထရီမီးခိုးငွေ့များကို ရှူရှိုက်ကောင်း ရှူရှိုက်မိနိုင်ကြောင်း ဆက်ပ်တီယန်တိုက ပြောသည်။ မီးလောင်မှုကို ညနေ ၅ နာရီ ၅ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့ပြီး အဆောက်အအုံ၏ အထပ်များအားလုံးကို စစ်ဆေးခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါမီးလောင်မှုတွင် လူ ၂၂ ဦး သေဆုံးကြောင်းအတည်ပြုဖော်ပြခဲ့ပြီး ၅၄ ဦး အသက်ရှင်လွတ်မြောက်ခဲ့ကြောင်းသိရသည်။ မီးလောင်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ဆက်လက်ပြောင်းလဲနိုင်ကြောင်း အဒီက ပြောသည်။




မီးလောင်မှုကြောင့်သေဆုံးသူများအားလုံးကို ဂျကာတာအရှေ့ပိုင်းဒေသရှိ ကရာမတ်ဂျက်တီရဲ ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ **ဆင်ဟွာ**

# အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်အားကစားသမားများ ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာ


မအေးအေးအောင်


မောင်ထက်အောင်


ဦးမောင်မောင်ထွေးဦး


ဦးကျော်ထူးအောင်


ဦးကျော်ကျော်မိုး

**ရန်ကုန် ဒီဇင်ဘာ ၉**

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိရာ မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများသည် သက်ဆိုင်ရာ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်ရန် နိုဝင်ဘာ ၃၀ ရက်မှစတင်၍ အဖွဲ့လိုက် ထိုင်းနိုင်ငံသို့ ထွက်ခွာလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြေးခုန်ပစ် အားကစားသမားများသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လည်းကောင်း၊ ဂျူဒို၊ ကရာတေး အားကစားသမားများသည် ထိုင်းနိုင်ငံ ဆွန်ခလာမြို့သို့ လည်းကောင်း သက်ဆိုင်ရာ အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။



အဆိုပါ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှု ဆုတံဆိပ်များ ရရှိရေးကြိုးပမ်းကာ ပါဝင်ယှဉ်ပြိုင်သွားကြမည့် မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများနှင့် အုပ်ချုပ်သူ နည်းပြများအား တွေ့ဆုံ မေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ပါသည် -

**မအေးအေးအောင်**

**ဂျူဒိုအားကစားသမား**

ဆီးဂိမ်းပြိုင်ပွဲအတွက် ကိုးလပိုင်းမှာ ဂျပန်နိုင်ငံကို သွားရောက်ပြီး ဂျပန်ဂျူဒို အားကစားသမားတွေနဲ့အတူ တစ်လတာ လေ့ကျင့်မှုတွေ ဆောင်ရွက်ထားပါတယ်။ ပြိုင်ဘက် အားကစားသမားရဲ့ ကစားပုံ၊ ကစားနည်းကို ပုံဖော်ပြီး ကြိုတင်ပြင်ဆင် လေ့ကျင့်ထားပါတယ်။ အခုဆီးဂိမ်းပြိုင်ပွဲ အနတ် ၂၈ ကီလိုတန်းမှာ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ အဓိကပြိုင်ပွဲမှာ ဆီမီးနဲ့ ဖိုင်နယ်ပွဲစဉ်တွေမှာ တွေ့နေကျ ထိုင်းဂျူဒိုအားကစားသမားရဲ့ ကစားပုံ၊ ကစားနည်း ဗီဒီယိုတွေကြည့်ပြီး လေ့လာထားပါတယ်။ သူ့ရဲ့ အားနည်းချက်၊ အားသာချက်ကို ဘယ်လိုယှဉ်ပြိုင်ပြင်ဆင်ရမယ်ဆိုတာကို အလေးထား လေ့ကျင့်ထားတယ်။ အခု ဆီးဂိမ်းပြိုင်ပွဲက ကျွန်မက နောက်ဆုံး ကစားရမှာဖြစ်တော့ ရွှေတံဆိပ်ဆုရရှိအောင် ကြိုးစားခဲ့ပါမယ်။

**မောင်ထက်အောင်**

**ဂျူဒိုအားကစားသမား**

ပြိုင်ပွဲအတွက် အကောင်းဆုံး ကြိုးစားပြီး အကောင်းဆုံး ရလဒ်ထွက်အောင် ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့ ပြိုင်ပွဲအတွက် Camp ဝင်တာ နှစ်နှစ်ခွဲ ရှိပါတယ်။ ကြားပွဲတွေလည်း သွားရောက်ကစားပြီး လေ့ကျင့်ခဲ့တာဖြစ်တဲ့အတွက် ဒီနှစ်တော့ အကောင်းဆုံးရလဒ် ထွက်မယ်လို့ မျှော်လင့်ပါတယ်။ အဓိကပြိုင်ဘက်က ထိုင်းပါ၊ မနှစ်ကလည်း လက်ရှိချန်ပီယံဖြစ်တဲ့အတွက် သူတို့ကစားထားတဲ့ ပွဲတွေကြည့်ပြီး လေ့လာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆုရအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ပါမယ်။ အားပေးကြပါဦးလို့ ပြောချင်ပါတယ်။

**ဦးမောင်မောင်ထွေးဦး**

**ဂျူဒိုအားကစားအဖွဲ့အုပ်ချုပ်သူ**

(၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် အမျိုးသမီး အားကစားသမား ငါးဦး၊ အမျိုးသား အားကစားသမား ရှစ်ဦး ရွေးချယ်ထားတယ်။ အားကစားသမားတွေက အားထားရတဲ့ အားကစားသမားတွေ ဖြစ်ပါတယ်။ အခု ဆီးဂိမ်းပြိုင်ပွဲမှာ အမျိုးသမီး ဝိတ်တန်း ၄ တန်းပဲ ထည့်ထားပေးတယ်။ ပြိုင်ပွဲအမျိုးအစားက တစ်ဦးချင်း ပြိုင်ပွဲမှာ အမျိုးသမီး ဝိတ်တန်း လေးတန်း၊ အမျိုးသား ဝိတ်တန်း ငါးတန်း စုစုပေါင်း ဝိတ်တန်း ကိုးတန်း၊ ခတ ပြိုင်ပွဲမှာ အမျိုးသမီး တစ်တန်း၊ အမျိုးသား တစ်တန်း၊ တစ်ဦးချင်းစီ ပါဝင်ယှဉ်ပြိုင်ကြမှာပါ။ ၁၀ ရက်နေ့မှာ အမျိုးသား၊ အမျိုးသမီး ခတပြိုင်ပွဲ၊ ၁၂ ရက်၊ ၁၃ ရက်မှာ တစ်ဦးချင်း ပြိုင်ပွဲနဲ့ ၁၄ ရက်မှာ နောက်အဆင့် ပြိုင်ပွဲတစ်ပွဲ ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ဆုအနေနဲ့က အမျိုးသမီး အားကစားသမားတွေကို ပိုပြီး မျှော်မှန်းထားပါတယ်။

**ဦးကျော်ထူးအောင်**

**ပြေးခုန်ပစ်အားကစားအဖွဲ့ ခေါင်းဆောင်**

အခုအားကစား ပြိုင်ပွဲမှာ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားအပါအဝင် ၂၁ ဦး သွားရောက်မှာ ဖြစ်ပါတယ်။ ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက အားကစားသမားတွေကို ဆက်တိုက်လေ့ကျင့်မှုတွေ ဆောင်ရွက်ထားတယ်။ ပြိုင်ပွဲတွေက တာလတ်၊ မာရသွန်၊ လမ်းလျှောက်စတဲ့ အားကစားနည်းအားလုံး ဝင်ရောက်ယှဉ်ပြိုင်မယ်။ ဒီဇင်ဘာ ၁၀ ရက်ကနေ ၁၆ ရက်အထိ ပြိုင်ပွဲ ရှိပါတယ်။ အမျိုးသား၊ အမျိုးသမီးပွဲ ၂၂ ပွဲယှဉ်ပြိုင်ရမယ်။ ပြေးခုန်ပစ် အားကစားနည်းက စံချိန်သစ်ရွေးရတဲ့ အားကစားဖြစ်တဲ့အတွက် (၃၂) ကြိမ်မြောက် ကမ္ဘောဒီးယား ဆီးဂိမ်းပြိုင်ပွဲက ပထမ၊ ဒုတိယ၊ တတိယဆုရရှိတဲ့ အားကစားသမားတွေနဲ့ အလားအလာရှိတဲ့ အားကစားသမားတွေကို ရွေးချယ်ထားတာကြောင့် ရလဒ်ကောင်းတွေ ရရှိမယ်လို့ ယုံကြည်ပါတယ်။

**ဦးကျော်ကျော်မိုး**

**ကရာတေးအားကစားအဖွဲ့ အုပ်ချုပ်သူ**

ကရာတေး ကစားသမားတွေကို ကျွန်တော်တို့က နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ အား/ကာဦးစီးဌာနကနေ တာဝန်ပေးတဲ့ ၁-၆-၂၀၂၄ ရက်ကစပြီး စခန်းသွင်း လေ့ကျင့်ခဲ့ပါတယ်။ အဲဒီကနေ ပေါ်ထွက်လာတဲ့ အလားအလာရှိတဲ့ ကစားသမားတွေကို အမျိုးသား အားကစားပွဲတော်မှာ ထပ်မံ အားဖြည့်ပြီး စခန်းသွင်းလေ့ကျင့်မှုကို ဆက်လက် ဆောင်ရွက်ခဲ့တယ်။ အဆင့်ဆင့် ဆန်ခါတင် ရွေးချယ်လာပြီး အခုနောက်ဆုံး အားကစားသမား ကိုးဦးက လက်ရွေးစင်ကရာတေး ကစားသမားတွေအဖြစ်နဲ့ သွားရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အုပ်ချုပ်သူ တစ်ဦး၊ နည်းပြ သုံးဦး၊ အမျိုးသား အားကစားသမား ငါးဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၃ ဦး သွားရောက်မှာပါ။

အသင်းလိုက် ထကပြိုင်ပွဲမှာ အမျိုးသား သုံးဦး ပြိုင်မှာပါ။ အမျိုးသား နှစ်ဦးက ဝိတ်တန်းပြိုင်မယ်၊ အမျိုးသမီး လေးဦးက တစ်ဦးချင်း ဝိတ်တန်းအလိုက် ပြိုင်ပါမယ်။ အမျိုးသမီး လေးဦးကပဲ အသင်းလိုက်ပြိုင်မယ်။ ပြိုင်ပွဲက ၁၁ ရက်မှာစပြီး ယှဉ်ပြိုင်ပါမယ်။ ဆုမျှော်မှန်းချက်အနေနဲ့ကတော့ ကျွန်တော်တို့ အားကစားက စံချိန်တင် အားကစား မဟုတ်တဲ့အတွက် ပြောရမှာ ခက်ပါတယ်။ ကျွန်တော်တို့က ပွဲစဉ်ရေးဆွဲမှု အခြေအနေနဲ့ ကစားသမားတွေရဲ့ လေ့ကျင့်ထားတဲ့ အတွေ့အကြုံနဲ့ ယုံကြည်မှုအရ ဆုရရှိနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ပြိုင်ဘက်ကတော့ အဓိကအခု အိမ်ရှင်နိုင်ငံဖြစ်တယ်။ အရင်တုန်းက မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့က အမြဲတမ်း ထိပ်တန်းမှာ ရှိတယ်။ အခု ကျွန်တော်တို့က အဓိက ၄ နိုင်ငံကို ရင်ဆိုင်ရမှာပါ။ ကျန်တဲ့ လာအို၊ ကမ္ဘောဒီးယားတို့က လက်ရည်တူ ယှဉ်ပြိုင်နေကြပါတယ်။ ကျွန်တော်တို့လည်း နိုင်ငံတော်က ချမှတ်ထားတဲ့ ပေါ်လစီအတိုင်း နိုင်ငံတကာပြိုင်ပွဲမှာ အောင်နိုင်မှုရရှိရေးဆိုတဲ့ မူနဲ့အညီ ကြိုးစားမယ်။ ပြီးတော့ အဖွဲ့ချုပ်ဥက္ကဋ္ဌရဲ့ ညွှန်ကြားမှု၊ ဦးဆောင်မှု၊ ပံ့ပိုးကူညီမှုနဲ့ စခန်းသွင်း လေ့ကျင့်မှုတွေ၊ နိုင်ငံတကာပြိုင်ပွဲတွေမှာ အတွေ့အကြုံရအောင် လေ့ကျင့်မှုတွေနဲ့ နိုင်ငံခြားနည်းပြခေါ်ပြီး လေ့ကျင့်ပါတယ်။ ကျွန်တော်တို့ ယခု (၃၃) ကြိမ်မြောက် ဆီးဂိမ်းအတွက် အထူး ကြိုးစားခဲ့ပါတယ်။ ကစားသမားတွေကလည်း ယုံကြည်မှု ရှိပါတယ်။ အကောင်းဆုံးရလဒ်တွေ ယူဆောင်လာမယ်လို့ မျှော်လင့်ပြီး အခုပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။

**ဇော်မင်းလတ်၊ သီဟ**

# ကျောက်ဆည်၌ မိုးစပါးစံကွက် ဧက ၂၀ ရိတ်သိမ်း၊ တစ်ဧကပျမ်းမျှ တင်း ၁၀၀ ထွက်ရှိ

**ကျောက်ဆည် ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် ပတ္တာကျေးရွာ၊ ပတ္တာစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းသားများစိုက်ပျိုးထားသည့်မိုးစပါး ဧက ၂၀ ရိတ်သိမ်းရာသို့ ကြည့်ရှုအားပေးခဲ့ရာ တစ်ဧကပျမ်းမျှ တင်း ၁၀၀ ထွက်ရှိကြောင်း သိရသည်။

စပါးခင်းများ ရိတ်သိမ်းရာ၌ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ပံ့ပိုးထားသည့် သက်တံရောင် သမဝါယမဖွံ့ဖြိုးရေး စီမံကိန်းမှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ကြောင်းနှင့် အဆိုပါစပါးခင်းများသည် ပတ္တာကျေးရွာ ကွင်းအမှတ် ၂၀၉(က)/ ၂၀၉(ခ) ကွင်းများမှ တောင်သူဦးသိုက်ထွန်း၏ လယ်မြေ သုံးဧက၊ ဦးကြည်စိုး၏ လယ်မြေ ငါးဧက၊ ဒေါ်စန်းစန်း၏ လယ်မြေ နှစ်ဧက၊ ဒေါ်တင်ဝင်း၏ လယ်မြေ နှစ်ဧက၊ ဦးလှိုင်မင်းသန်း၏ လယ်မြေလေးဧက၊ ဦးမြင့်နိုင်၏ လယ်မြေ နှစ်ဧက၊ ဒေါ်ခင်ဆွေဝင်း၏ လယ်မြေ နှစ်ဧက စုစုပေါင်း ဧက ၂၀ ဖြစ်ကြောင်း သိရသည်။



ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မိုးစပါး စီမံကိန်းသီးနှံများကို အခြေခံ သမဝါယမအသင်း ၁၂ သင်းမှ အသင်းသား တောင်သူများ၏ လယ်မြေဧက ၁၅၀၀ တွင် စိုက်ပျိုးထားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



အိမ်မဲမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦး၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့ပူးပေါင်းပြီး မီးဘေးအန္တရာယ် ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို မြို့မဈေးကြီးတွင် ဒီဇင်ဘာ ၇ ရက်က ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မျိုးဝင်းက မီးငြိမ်းသတ်သည့် ရေယာဉ် နှစ်စီးဖြင့် ရေထွက်ကို သရုပ်ပြသခြင်း ဆောင်ရွက်စဉ်။ ချစ်သက်လယ်(အိမ်မဲ)

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တည်ထောင်ဖွင့်လှစ်သည့် (၂၇)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၉**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တည်ထောင်ဖွင့်လှစ်သည့် (၂၇)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အဆိုပါတက္ကသိုလ် ဘာဝနာမဟာသဘာတရားထိုင် ခန်းမ၌ ကျင်းပသည်။


အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော် ဒေါက်တာဘဒ္ဒန္တနောဓိဉာဏထံမှ ညွှန်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့်ဇနီးနှင့် တာဝန်ရှိသူများက ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော် အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တက္ကသိုလ်တည်ထောင်ဖွင့်လှစ်သည့် (၂၇) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဆရာတော်က ဩဝါဒစကား မိန့်ကြား ချီးမြှင့်တော်မူသည်။

ယင်းနောက် တက္ကသိုလ် တည်ထောင် ဖွင့်လှစ်သည့် (၂၇) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက အမှတ်တရဩဝါဒစကားမိန့်ကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားဟောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်) သို့ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ လာရောက်လေ့လာ



**နေပြည်တော် ဒီဇင်ဘာ ၉**
ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက် (ရန်ကုန်)ကို နိုဝင်ဘာ ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားရှိရာ ရန်ကုန်တိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်များရှိ ကျောင်းများအလိုက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့်မိဘပြည်သူများ လာရောက်လေ့လာကြည့်ရှုကြသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင်နှင့် ကျောက်တံတားခရိုင်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ယခင် နက္ခတ်တာရာပြခန်းတွင် အသုံးပြုခဲ့သော GOTO Planetarium Analog Projection System၊ ပြတိုက်အတွင်းရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသသို့ ခေတ်အဆက်ဆက်လွှတ်တင်ခဲ့သည့် ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသတွင်း လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှု သရုပ်ပြသမှုများနှင့် အာကာသနှင့် နက္ခတ်တာရာဆိုင်ရာ Dome Video Clip တို့ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ပြတိုက်အတွင်း Deep Space Exploration ပြခန်း၊ Space Station ပြခန်းနှင့် အာကာသတွင်း စေလွှတ်ခဲ့သည့် ဒုံးပျံများ၊ အာကာသတွင် လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုများ၊ အာကာသတွင်း စူးစမ်းလေ့လာသည့် အာကာသယာဉ်နှင့် ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာများကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၇/၂၀၂၅)

၁။ လူသားအားလုံး၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ လုံခြုံခွင့် စသည့် အခြေခံအခွင့်အရေးများပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ယင်းနေ့ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့တွင် (၇၇) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှ မြစ်ဖျားခံလာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် လူသားအားလုံးအတွက် အဓိကအကျဆုံး ကြေညာစာတမ်းဖြစ်ပါသည်။ လူသားများ၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိမှုကို အသိအမှတ်ပြုထားသော ယင်းကြေညာစာတမ်းကို ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မဲခွဲရာတွင် မြန်မာနိုင်ငံက ပါဝင်ထောက်ခံမဲ ပေးခဲ့ရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း ကြေညာစာတမ်းပါ အခွင့်အရေးများကို ထင်ဟပ်ပြဋ္ဌာန်းထားပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အခြေပြု၍ ပေါ်ပေါက်လာသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေများကို အလေးထားသည့်အနေဖြင့် မြန်မာနိုင်ငံကလည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ် (၄) ခုနှင့် နောက်ဆက်တွဲစာချုပ် (၂) ခုတွင် ပါဝင်ချုပ်ဆိုထားပါသည်။ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်(UPR) တွင်လည်း မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတကာနှင့်ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ကျင်းပပြုလုပ်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF)၏ နှစ်ပတ်လည်အစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်ခဲ့ပါသည်။ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်းတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်းသော (၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့အသုံးချညီလာခံသို့လည်း ကိုယ်တိုင်ပါဝင်တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့အကြား လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးကဏ္ဍများတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ (Memorandum of Cooperation) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ပြင် အခြားနိုင်ငံတကာအစည်းအဝေးများသို့ Online platform မှ (၁၂) ကြိမ် တက်ရောက်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၅ ခုနှစ်အတွင်း လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချခြင်းများ ပြုလုပ်ခဲ့ပြီး သင်တန်းသားပေါင်း (၇၂၉၀)ဦးကို အသိပညာမျှဝေပေးခဲ့ပါသည်။ ကော်မရှင်၏ဥပဒေဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် အဆိုပြုဥပဒေကြမ်း (၅)ခုအပေါ် လူ့အခွင့်အရေးဆိုင်ရာအကြံပြုချက်များ ပေးပို့ခဲ့ပါသည်။ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRPD) နှင့် နောက်ဆက်တွဲစာချုပ် (CRPD – OP)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (CEDAW– OP) တို့ကို ဘာသာပြန်ဆို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် “မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်” အကြောင်း သရုပ်ဖော်ပုံစာအုပ်အား မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ရုရှားဘာသာတို့ဖြင့် ဘာသာပြန်ဆိုပုံနှိပ်၍ ပြည်တွင်းသာမက နိုင်ငံတကာအစည်းအဝေးများတွင်လည်း ဖြန့်ဝေခဲ့ပါသည်။

၆။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်း၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာနှင့် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၊ လူငယ်သင်တန်းကျောင်းများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကြည့်ရှုစစ်ဆေးရာတွင် ခွဲခြားဆက်ဆံမှုမရှိစေရေး၊ ဘာသာအလိုက် ကိုးကွယ်ခွင့်၊ သင့်တင့်သောကျန်းမာရေးစောင့်ရှောက်မှု ရရှိခွင့်၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိခွင့်၊ နိုင်ငံတော်မှ တရားဝင်ခွင့်ပြုထားသောအခွင့်အရေးနှင့် အထောက်အပံ့များကို သတ်မှတ်ချက်နှင့်အညီရရှိခွင့် စသည့်အခြေခံအခွင့်အရေးများရရှိခြင်း ရှိ မရှိ စစ်ဆေးပြီး လိုအပ်သည့်အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့လျက်ရှိပါသည်။ ကော်မရှင်၏အကြံပြုချက်များကို သက်ဆိုင်ရာဌာနအသီးသီးကလည်း ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဥပဒေက ပေးအပ်ထားသော နိုင်ငံသားတစ်ဦး၏ အခွင့်အရေးရရှိစေရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးတို့အတွက် ကော်မရှင်မှ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ (၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂမှ ချမှတ်ထားသည့် ဆောင်ပုဒ်မှာ **“Our Everyday Essentials”** ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံးကလည်း နေ့စဉ်ဘဝတွင် မရှိမဖြစ်လိုအပ်သည့် လူ့အခွင့်အရေးများကို လေးစားလိုက်နာကြပါရန် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခါသမယတွင် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး တပ်ကုန်းမြို့နယ် မကျီးပင်၊ ညောင်ပင်သာ၊ ကြွက်တောကျေးရွာများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၉**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှု၊ China Foundation Rural Development (CFRD) ၏ ပံ့ပိုးမှုတို့ဖြင့် Panda Pack ၊ Sport Bag ၊ ဆိုလာစာကြည့်မီးလုံးများ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ NFI Kit နှင့် ခြင်ထောင်များ ပေးအပ်ပွဲအခမ်းအနားများကို ယမန်နေ့မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာနှင့် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု ကြွက်တောကျေးရွာတို့၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို မကျီးပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးရွာဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယခုအခါ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှု၊ China Foundation Rural Development (CFRD)၏ ပံ့ပိုးမှုဖြင့် မကျီးပင်အခြေခံပညာအထက်တန်းကျောင်းအတွက် Panda Pack အလုံး ၆၀၊ Sport Bag ငါးပုံးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Non Food Item များ၊ ခြင်ထောင်များ ထပ်မံလာရောက်လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ကျေးရွာကော်မတီများနှင့် ကျေးရွာသူ ကျေးရွာသားများ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းပြောကြားပြီး မကျီးပင်ကျေးရွာ အထက်တန်းကျောင်းအတွက် Panda Pack ၆၀ ကို ကျောင်းအုပ်ဆရာမကြီးထံ လည်းကောင်း၊ ညောင်ပင်သာကျေးရွာအတွက် NFI Kit ၂၃ စုံကို ကျေးရွာကိုယ်စားလှယ်ထံလည်းကောင်း ပေးအပ်သည်။


ဆက်လက်၍ နေပြည်တော်ကောင်စီဝင်က မကျီးပင်ကျေးရွာအထက်တန်းကျောင်းအတွက် Sport Bag ငါးခုကို ဒုတိယကျောင်းအုပ်ထံ လည်းကောင်း၊ ညောင်ပင်သာကျေးရွာအတွက် ခြင်ထောင် ၂၃ လုံးကို ကျေးရွာကိုယ်စားလှယ်ထံလည်းကောင်း ပေးအပ်ပြီး ကျေးရွာသူကျေးရွာသားများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု ကြွက်တောကျေးရွာ ရွာဦးကျောင်းတိုက် တောင်တန်းသာသနာပြုဆရာတော် ဦးစိတ္တအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အဆိုပါကျောင်းတိုက်ဓမ္မာရုံ၌ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံအမှာစကား ပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကြွက်တောဘုန်းတော်ကြီးကျောင်းအတွက် ဆိုလာစာကြည့်မီးလုံး ၃၀ ကို ကျောင်းဂေါပကအဖွဲ့ထံ လည်းကောင်း၊ ကျေးရွာအလယ်တန်းကျောင်း(ခွဲ)အတွက် ဆိုလာစာကြည့်မီးလုံး ၆၀ ကို ကျောင်းအုပ်ကြီးထံလည်းကောင်း၊ နေပြည်တော်ကောင်စီဝင်က ကျေးရွာအိမ်ထောင်စုများအတွက် ဆိုလာစာကြည့်မီးလုံး ၁၇၀ ကို ကျေးရွာကိုယ်စားလှယ်များထံလည်းကောင်း ပေးအပ်ကြပြီး ကျေးရွာသူ ကျေးရွာသားများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံများအား တွေ့ရစဉ်။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး

## မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ဆောင်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၉**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ – မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ရှစ်လုံး၊ စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၅၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။



မြဝတီမြို့နှင့်အနီးဝန်းကျင်ရှိ တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် အဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

ထို့ပြင် KK Park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါနယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ–ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် နိုင်ငံပေါင်းခြောက်နိုင်ငံမှ တရားမဝင်ပြည်ပနိုင်ငံသား ၁၂၃ ဦးတို့ကို မြန်မာ – ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင်ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ ရှာဖွေစစ်ဆေးခဲ့သည့် အဆောက်အအုံ ၁၂၁ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံးကို စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါအဆောက်အအုံများအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၇၀၈ လုံးကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အသိပညာပေးဟောပြော

**ဒေါ်ပုံ ဒီဇင်ဘာ ၉**

ဒေါ်ပုံမြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက(၁) ကျောင်းပညာခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုးက အမှာစကားပြောကြားပြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဇော်လှိုင်က ဟောပြောဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးသက်ပိုင်က အိမ်တွင်းအကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ အကြောင်းအရာများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး(၂) ဒေါ်ကိုးယိမ်းက အိမ်တွင်းအကြမ်းဖက်ခံရသူများ ပြန်လည်ထူထောင်ရေးနှင့် ကုသရေး နှစ်သိမ့်ဆွေးနွေးဟောပြောသည်။

ထို့နောက် အမျိုးသမီးအကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**



## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အသိပညာပေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၉**

ဒက္ခိဏသီရိမြို့နယ်၏ ကျေးရွာများရှိ တောင်သူလယ်သမားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒုတိယညွှန်ကြားရေးမှူးချုပ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးဆောင်၍ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့ပါဝင်သော ကွင်းဆင်းပညာပေးအဖွဲ့သည် ပေါက်တောကျေးရွာ၊ ထန်းတပင်ကျေးရွာ၊ မဲဒီးကျေးရွာများသို့ ကွင်းဆင်း၍ တောင်သူလယ်သမားများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထားဝယ်မြို့၌ အကျိုးဆောင်တောင်သူများအား ဆောင်းသီးနှံမျိုးစေ့ပေးအပ်

**ထားဝယ် ဒီဇင်ဘာ ၉**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်းသီးနှံ(မတ်ပဲအစေ့ထုတ်ပြောင်း၊ မြေပဲ၊ နေကြာ) စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့ပေးအပ်ပွဲကို ဒီဇင်ဘာ ၇ ရက်က ထားဝယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဇေယျ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထက်နောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းတို့က ထားဝယ်မြို့နယ်၌ မိုးစပါးရိတ်သိမ်းပြီး ဆောင်းသီးနှံ မတ်ပဲလျာထားဧက ၁၀၁၄ ဧက ပြည့်မီကျော်လွန်ရေးကို ရည်မှန်း၍ ဆီထွက်သီးနှံများအပါအဝင် ဆောင်းသီးနှံ မတ်ပဲ၊ မြေပဲ၊ နေကြာ၊ အစေ့ထုတ်ပြောင်း စိုက်ပျိုးသော အကျိုးဆောင်တောင်သူများအတွက် မျိုးစေ့ပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇဟာကျေးရွာ၊ သပြေချောင်းရွာ၊ ဇလွန်းရွာ၊ တလိုင်းတောင်ရွာနှင့် ကျောက်မော်ရွာများမှ တောင်သူများအား ဆောင်းသီးနှံမျိုးစေ့များ ပေးအပ်ခဲ့သည်။

**ငွေဇင်ယော်(ထားဝယ်)**



ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတူးဂျာ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးမိုးအောင်နှင့် အဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း၊ မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် ရွေးကောက်ပွဲနှိုးဆော်ရေး အသိပညာပေးဒို့အတူတူမဲပေးကြမယ် သတင်းစကား လက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၉ ရက်က မချမ်းဘောမြို့ လူစည်ကားရာနေရာများ၌ ဖြန့်ဝေစဉ်။ ယောရွှေနီ(မချမ်းဘော)

## ပန်းဘဲတန်းမြို့နယ်၌ ရပ်ကွက်အခြေပြုအမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံ

**ရန်ကုန် ဒီဇင်ဘာ ၉**

ပန်းဘဲတန်းမြို့နယ် အမှတ်(၄)ရပ်ကွက် ဆူရတီဘာသာရေးကျောင်း၌ ဒီဇင်ဘာ ၈ ရက်တွင် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်အခြေပြု အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များပူးပေါင်း၍ ရပ်ကွက်အခြေပြု အသက် ကိုးနှစ်မှ ၁၂ နှစ်အတွင်းရှိ အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်နှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သားအိမ်ခေါင်းကင်ဆာရောဂါ ဖြစ်ပွားမှုများနှင့် ပတ်သက်၍ အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**





ကျွန်းစုမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မဲရုံအဖြစ်ဆောင်ရွက်မည့် မိုးလုံလေလုံအားကစားခန်းမအနီးရှိ လူနေအိမ်များအား ဒီဇင်ဘာ ၉ ရက်က တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးစဉ်။ ထက်မြင့်(ကျွန်းစု)



## အထကကျေးသီး၌ ကျောင်းတွင်းအာဟာရကျွေးမွေး

**ကျေးသီး ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) အထကကျေးသီးကျောင်း၌ KG ကျောင်းသား ကျောင်းသူများအားလုံး ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်မြင့်မားစေရန် စတုတ္ထအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်နှင့် KG တန်းမှ ဆရာမများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမများက KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရ ကျွေးမွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



ကော့သောင်းမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ ပူးပေါင်း၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲရုံဖွင့်လှစ်ဆောင်ရွက်မည့် စာသင်ကျောင်းများတွင် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများကို ဒီဇင်ဘာ ၈ ရက်က ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## မောက်မယ်မြို့နယ်၌ အမှတ်(၄) နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့ သီဆိုဖျော်ဖြေကပြ

**မောက်မယ် ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ အမှတ်(၄)နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဒေသခံပြည်သူများအား လာရောက်သီဆိုဖျော်ဖြေကပြခဲ့သည်။

ထိုသို့ သီဆိုဖျော်ဖြေကပြခဲ့ရာ ဒီဇင်ဘာ ၈ ရက် ညတွင် နမ့်ယွန်းခန်းမ၌လည်းကောင်း၊ ဒီဇင်ဘာ ၉ ရက်ညတွင် နယ်မြေခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌လည်းကောင်း ည ၇ နာရီမှ ည ၁၂ နာရီအထိ မောက်မယ်မြို့နယ်အတွင်းရှိဒေသခံပြည်သူများအား အမှတ်(၄)နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့က ခေတ်ပေါ်သီချင်းများ၊ မင်းသား မင်းသမီး စုံတွဲအကများ၊ ဇာတ်လမ်းများနှင့်မျက်လှည့်များဖြင့် လာရောက်သီဆို ဖျော်ဖြေကပြခဲ့ကြောင်း သိရသည်။



**စိုင်းမျိုးသန့်(မောက်မယ်)**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများ ချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၄၀)ရပ်ကွက်နေ ကျော်မင်းဦး (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် "Kyaw Min Oo" Facebook အကောင့်ဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား အများပြည်သူ အထင်အမြင် လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာ၌ Live လွှင့်ပြောကြားခဲ့သဖြင့် ဖော်ထုတ်ဖမ်းဆီးပြီး ကျော်မင်းဦး အား ဒီဇင်ဘာ ၂ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း (ပ)၈၄၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း၊

ဒီဇင်ဘာ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အစုကြီးကျေးရွာဘုရားလမ်းထိပ်၌ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား အဆိုပါကျေးရွာနေ သန်းကြိုင်စိုး(ခ)ကိုပု (၃၉)နှစ်က ဖျက်ဆီးခဲ့သဖြင့် သန်းကြိုင်စိုး(ခ) ကိုပုအား ဒီဇင်ဘာ ၅ ရက်တွင် တက်သစ်နယ်မြေရဲစခန်း (ပ)၈၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

ဒီဇင်ဘာ ၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဇ)ရပ်ကွက် သုခမ္မလမ်းမကြီးနှင့် ဥဇ္ဇနာလမ်းထောင့်၌ တစ်သီးပုဂ္ဂလပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူအား စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါရပ်ကွက်နေ အောင်မျိုးဇော်(ခ)မျောက်ကြီး (၃၅)နှစ် ဖြစ်ကြောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ဒီဇင်ဘာ ၅ ရက်တွင် မြောက်ဥက္ကလာပမြို့မရဲစခန်း (ပ)၄၄၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီခွဲတွင် ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်မြိုင် (၅၉)နှစ်သည် နေအိမ်၌ ရှိနေစဉ် KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ဝင် သုံးဦးမှ ဆိုင်ကယ် နှစ်စီးဖြင့် ရောက်ရှိလာပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက်တားမြစ်ခဲ့သဖြင့် ၎င်း သောင်းကျန်းသူ (စိစစ်ဆဲ) သုံးဦးအား ဒီဇင်ဘာ ၁ ရက်တွင် ရွှေကူမြို့မရဲစခန်း (ပ)၁၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

နိုဝင်ဘာ ၃၀ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အများပြည်သူအထင်အမြင် လွဲမှားစေရန် ရေးသားထားသည့် စာသားများအား "Thandar Oo" Facebook အကောင့်မှ ပြန်လည်မျှဝေ လွှင့်တင်ထားသည်ကို တွေ့ရှိရသဖြင့် ၎င်းအကောင့်ပိုင်ရှင်အား စိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နေ ဒေါ်သန္တာဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား နိုဝင်ဘာ ၃၀ ရက်တွင် တာမွေမြို့မရဲစခန်း (ပ)၃၆၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း၊

နိုဝင်ဘာ ၂၅ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ကံသာရပ်ကွက် တိန်နန်းတံတားအနီး၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား ဒီဇင်ဘာ ၃ ရက်တွင် ညောင်ရွှေမြို့မရဲစခန်း (ပ)၁၁၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

နိုဝင်ဘာ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အောင်ပင်သာကျေးရွာ ပေါင်းတည်-တာပွန် သွားကားလမ်းဘေး၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ကျူးလွန်သူအား စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါကျေးရွာနေ မင်းဇော်သိန်း (၄၂)နှစ် ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား တာပွန်နယ်မြေရဲစခန်း (ပ)၈၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ) ဖြင့်လည်းကောင်း၊

နိုဝင်ဘာ ၂၇ ရက် ည ၁၁ နာရီ ၅ မိနစ်တွင် ကချင်ပြည်နယ် ဟိုပင်မြို့ ခုနစ်မိုင်ကျေးရွာနေ ရပ်/ကျေးစာရေး ဒေါ်မိုးမိုးအောင်(ခ) မမိုး (၆၁)နှစ်သည် နေအိမ်၌ရှိနေစဉ် သေနတ်ကိုင်ဆောင်ထားသူ အမျိုးသား လေးဦး(စိစစ်ဆဲ)ရောက်ရှိလာပြီး မဲစာရင်းစာရွက်ထုပ်အား ခြိမ်းခြောက်တောင်းယူ၍ ဖမ်းဆီးခေါ်ဆောင်သွားကာ တောတွင်း အရောက်၌ မဲစာရင်းများအား မီးရှို့ဖျက်ဆီးပြီး ၎င်းအား ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းများအား မပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါ အမျိုးသား လေးဦး(စိစစ်ဆဲ)အား ဒီဇင်ဘာ ၇ ရက်တွင် ဟိုပင်နယ်မြေရဲစခန်း (ပ)၄၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ် ပေးရေး ဥပဒေပုဒ်မ ၂၄(ခ) ဖြင့်လည်းကောင်း၊

နိုဝင်ဘာ ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက် လမ်း ၃၀ နှင့် ၇၁ လမ်းထောင့်၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ် အမှတ် (၃) နယ်မြေရဲစခန်း (ပ)၁၉၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ် ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

နိုဝင်ဘာ ၃၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လွဇာကျေးရွာ ရွာလယ်လမ်းဆုံ၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီး ခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား ဒီဇင်ဘာ ၁ ရက်တွင် ပြင်စလူနယ်မြေရဲစခန်း (ပ)၅၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ် ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

နိုဝင်ဘာ ၃၀ ရက်တွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် တခွက်ဖိုး ကျေးရွာ ရွာလယ်ဘုန်းကြီးကျောင်းအနီး ဘားအံ-မြိုင်ကြီးငူသွား ကားလမ်းဘေး၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး အဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား ဒီဇင်ဘာ ၂ ရက်တွင် ရွှေဂွန်းနယ်မြေ ရဲစခန်း (ပ)၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

ဒီဇင်ဘာ ၂ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အများပြည်သူအထင်အမြင် လွဲမှားစေရန် ရေးသားထားသည့် စာသားများအား "ထိန်လင်း" Facebook အကောင့်မှ ပြန်လည်မျှဝေလွှင့်တင်ထားသည်ကို တွေ့ရှိရ သဖြင့် ၎င်းအကောင့်ပိုင်ရှင်အား စိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက်နေ ထိန်လင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဒီဇင်ဘာ ၂ ရက်တွင် ဗိုလ်တထောင်မြို့မရဲစခန်း (ပ)၆၉၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း၊

ဒီဇင်ဘာ ၃ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံအနောက်ရပ်ကွက် ၂၉ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား၌ ဆန့်ကျင်စာများ ကြဲချခဲ့ကြောင်းသတင်း အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တေဇာဆန်း၊ ခန့်ဝေဖြိုး၊ နန်းလင်း၊ ထက်မြတ်အောင်၊ မေချီ (ခ) ချီချီ၊ မရွှန်း (ခ) ရွှန်းရွှန်းနှင့် အမျိုးသား လေးဦး(စိစစ်ဆဲ)တို့သည် ၂၉ လမ်းအတိုင်း ဆိုင်ကယ် ငါးစီးဖြင့် ရောက်ရှိလာပြီး ၂၉ လမ်းနှင့် ၈၄ လမ်းထောင့် အရောက်၌ ၈၄ လမ်းနှင့် ၈၅ လမ်းကြားအတွင်း လမ်းလျှောက်သွားကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား အများပြည်သူအထင်အမြင် လွဲမှားစေရန် အော်ဟစ်ကာ ရွေးကောက်ပွဲအား ဆန့်ကျင်ရေးသားထား သည့် စာရွက်များအား ကြဲချခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တေဇာဆန်း ပါ ၁၀ ဦးတို့အား ဒီဇင်ဘာ ၃ ရက်တွင် ချမ်းအေးသာစံမြို့နယ် အမှတ် (၆) နယ်မြေရဲစခန်း(ပ)၇၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ် ပေးရေးဥပဒေပုဒ်မ ၂၃(ခ)ဖြင့်လည်းကောင်း၊

ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၆) ရပ်ကွက် ကုန်သည်လမ်းနှင့် ၂၉ လမ်းထောင့်၌ ပြည်ခိုင်ဖြိုး ပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ) အား ဒီဇင်ဘာ ၇ ရက်တွင် ပန်းဘဲတန်းမြို့မရဲစခန်း (ပ)၁၀၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း၊

အလားတူ ဒီဇင်ဘာ ၅ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော မြို့နယ် အင်းခေါင်းကျေးရွာ၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီး ခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား ဒီဇင်ဘာ ၅ ရက်တွင် ဟဲဟိုးနယ်မြေရဲစခန်း (ပ)၆၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ် ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှု ကျူးလွန်သူများအား ထိရောက်စွာ ဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူ များအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘ ပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူ လုပ်ဆောင်ခဲ့သည့် "ပတ္တမြားခင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်နေ မြင့်မြင့်စန်းအား ညနေ ၅ နာရီ ၅ မိနစ်တွင် ချမ်းအေးသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပင်လောင်းမြို့နယ်၌ ပွင့်ဖူးဆဲဘိန်းခင်းများ ဆက်လက်ဖျက်ဆီး

**ပင်လောင်း ဒီဇင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် စင်တောင်းကျေးရွာအုပ်စု ပင်သလဲကျေးရွာမြောက်ဘက် သုံးမိုင်ခန့်အကွာရှိ ပွင့်ဖူးဆဲ ဘိန်းခင်းများကို ယမန်နေ့နံနက် ၈ နာရီခွဲမှ မွန်းလွဲပိုင်းအထိ စုပေါင်းဖျက်ဆီး ဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖူးဆဲဘိန်းခင်းများကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိန်းဦး ဦးစီး၍ ပူးပေါင်းအဖွဲ့ဖြင့် အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၃၅ ဧကနှင့် ပင်သလဲကျေးရွာတောင်ဘက်ရှိ အမြင့် သုံးပေခန့်ရှိ ဖူးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၇ ဧက ထပ်မံသွားရောက် စုပေါင်းဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**








# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ မြင်းကကုန်းကျေးရွာရောက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၉**

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူ ဘိုကလေးမြို့နယ်သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာသို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖ များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်သည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့ သည် ဘိုကလေးမြို့နယ် မြင်းကကုန်း ကျေးရွာရှိ တိုက်နယ်ဆေးရုံ၌ အခြေပြု၍ အဆိုပါမြို့နယ်နှင့် အနီးဝန်းကျင်ကျေးရွာ များမှဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှု ဆိုင်ရာရောဂါ ၁၅၀၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၅ ဦး၊ ကလေး ရောဂါ ၁၃ ဦး၊ အရိုးရောဂါ ၁၂၀ ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀ ၊ မျက်စိရောဂါ ၁၃၄ ဦးနှင့် သွားနှင့်ခံတွင်း ရောဂါ ၃၄ ဦး စုစုပေါင်းဒေသခံပြည်သူ ၅၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသ မှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့ အနက် အထွေထွေခွဲစိတ်လူနာ သုံးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ဦး၊ အာထရာဆောင်း စက်ဖြင့် စမ်းသပ်စစ်ဆေး လူနာ ၅၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦး နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။ **သတင်းစဉ်**

# အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**သာယာဝတီ ဒီဇင်ဘာ ၉**

သာယာဝတီမြို့နယ်၌ အမျိုးသမီး ရေးရာအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီး ဌာနတို့ပူးပေါင်း၍ အမျိုးသမီး များအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်း အနားကို ယနေ့နံနက် ၉ နာရီ က အထက(၁) သာယာဝတီ၌ ကျင်းပသည်။(ယာပုံ)

အခမ်းအနားတွင် ခရိုင်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင် သီတာက အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်း အမှတ်အခမ်းအနားပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီး ခရိုင်လူမှုဝန်ထမ်း ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သန္တာ က အသိပညာပေးပြောကြား ခဲ့သည်။

ထို့နောက် ဒေါ်ဝါဝါခိုင်က အမျိုးသမီးများအပေါ် အကြမ်း ဖက်မှုပပျောက်ရေးနှင့် ပတ်သက် ၍ သိရှိထားရမည့် ဥပဒေရေးရာ သိကောင်းစရာများ အကြောင်း အသိပညာပေး ဟောပြောပြီး ခရိုင်ဥပဒေအရာရှိ ဦးမြင့်စိုးက အမျိုးသမီးများအပေါ် အကာ အကွယ်ပေးထားသည့် ဥပဒေ ရေးရာ သိကောင်းစရာများ အကြောင်း၊ အမှတ်(၂)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင် က စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက် ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်း ဖက်ခြင်းအကြောင်းများကို အသိ ပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။



သန့်ဇော် (ပြန်/ဆက်)



## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/6170 MAZDA TITAN LKR81 LIGHT TRUCK(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဇင်ချစ် ၁၂/လသယ(နိုင်)၀၃၈၇၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)ရန်ကုန်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၀)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၆၂၄/၇)နေ ဒေါ်နှောင်းဝသန် ၁/ဗမန(နိုင်)၀၄၆၇၂၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ်(၃၀၈)ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်တို့သည် ဗိုလ်ကြီး ခင်မောင်သိန်းအမည်ဖြင့် မြို့မြေစာရင်းတွင် မှတ်သားထားသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အား ဒေါ်ခင်တုတ်နှင့် ဒေါ်နီနီဝင်းတို့က ဝယ်ယူခဲ့ပြီး ဒေါ်နှောင်းဝသန်အား ထပ်မံစာချုပ်ချုပ်ဆို ရောင်းချခဲ့မှုနှင့်ပတ်သက်၍ အငြင်းပွားမှုများ၊ အမှုများဖြစ်ပွားခဲ့ပြီး နောက်ဆုံးတွင် ဒေါ်ခင်တုတ်၏ သမီးဖြစ်ပြီး အမွေဆက်ခံခွင့်ရှိသူ ဒေါ်နီနီဝင်းဘက်မှ တောင်းပန်ညှိနှိုင်းမှုကြောင့် နှစ်ဦးနှစ်ဖက်သဘောတူကြပြီး အထက်ဖော်ပြပါ မြေကွက်ထဲမှ မခွဲမစိတ်ရသေးသော အလျား၂၀xအနံပေ၆၀၊ (၁၂၀၀)စတုရန်းပေရှိ(ခြေရင်းခြမ်း)မြေကွက်နှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်တို့ကို ၂၃-၁၀-၂၀၂၅ ရက်စွဲပါစာချုပ်ကို ရပ်ကွက်တာဝန်ခံနှင့် သက်သေများရှေ့တွင် ချုပ်ဆို၍ လက်ရောက်ပေးအပ်ပြီးဖြစ်ပါသောကြောင့် ဒေါ်နှောင်းဝသန်မှ အပြီးတိုင် ရရှိပိုင်ဆိုင် လက်ရောက်ရရှိထားပြီးဖြစ်သောမြေနှင့် အိမ်အပါဝင် အကျိုးခံစားခွင့်တို့ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နှောင်းဝသန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂/၁၀-၁၂-၂၀၀၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## အများသိစေရန်ကြေညာချက်

တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ အမှတ်(၁)တွင်နေထိုင်သူ ဒေါ်ရှီရှောက်စီ ၁၃/သနန(နိုင်)၀၃၄၆၉၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သူ ဒေါ်ရှီရှောက်စီ ၁၃/သနန(နိုင်)၀၃၄၆၉၆ သည် ဒေါ်ခင်သန်းဆွေ ၁၃/တခလ(နိုင်)၀၁၇၁၁၈ထံမှ တာချီလိတ်မြို့၊ဟောင်လိတ်ကျေးရွာအုပ်စု၊ ဝမ်လုံးကျေးရွာ၊ အကွက်အမှတ်(၂၄)၊ ဝမ်လိကွင်း၊ ဦးပိုင်အမှတ် (အမ်-၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကဟုခေါ်တွင်သည့် မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တာချီလိတ်မြို့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၌ ၅-၁-၂၀၀၁ ရက်တွင် စာချုပ်အမှတ် - RD : No - 051 ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။

အဆိုပါ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းနှင့် ဂရန်မူရင်းတို့သည် ပျောက်ဆုံးသွားသဖြင့် ကျွန်ုပ်တို့အမှုသည်၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဂရန်မိတ္တူလျှောက်ထားခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါကဥပဒေနှင့်အညီ ပြုလုပ်သူနှင့် လက်ခံသူများအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဒေါ်ရှီရှောက်စီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင် — ဒေါ်သဲအိစံ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆) — အထက်တန်းရှေ့နေ(စဉ်-၅၅၆၇၇)**
**တိုက်အမှတ်(၁၂၄)၊ အခန်းအမှတ်(၅)၊ ရန်နိုင်လမ်းသွယ်(၃)၊**
**(၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ကြို့သုံးပင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၈၄၇-ဓ၁၁/၁/ဆီးယင်းတောင်)၊ ဦးပိုင်အမှတ်(၁၆၄)၊ ဧရိယာ ၀ ဒသမ ၀၇၇ ဧကရှိ ဝန်းမြေအား ဦးဒါးလ်မွန်းပြောင် ၅/ကလထ(နိုင်)၂၀၈၃၅၂သည် ၎င်းအမည်ပေါက် မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရှိထန်းပွီးယာ B.A, PGDL, LL.B (Q) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၈၇၄၀/၃၀-၁၁-၂၀၂၃)**
**အမှတ်(၆/၁)၊ မြို့လှရပ်ကွက်၊ ကလေးမြို့**
**ဖုန်း-၀၉-၄၀၀၅၀၃၁၇၉၊ ၀၉-၉၇၉၀၈၇၄၄၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/3161 Spero 200 ZH (200CC)ယာဉ်လက်ဝယ်ရှိသူ ဦးလင်းလင်း ၉/ဇယသ(နိုင်)၀၀၀၁၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်၊ အကွက်အမှတ် (၅၁/မြို့လယ်ရပ်)၊ ဦးပိုင်(၁၄၅)၊ ဧရိယာ ၀ ဒသမ ၀၄၈ ဧကအား ဒေါ်နှင်းမာလာ ၅/ကလထ(နိုင်)၁၄၁၆၇၂ (ဘ)ဦးကေရမ်းပရာဒါန်းမှ မြေငှားဂရန် အသစ်လျှောက်ထားမှုအား ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်နှင်းမာလာ**
**ဖုန်း-၀၉-၉၄၁၀၅၇၇၇၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ ဦးပိုင်အမှတ်(၁၁+၁၂-က)၊ အိုးဘိုရွှေကျောင်ကွေ့၊ ၁လမ်းနှင့် မန္တလေး-မိုးကုတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ရီ (ခ)စုရှန်ရီ ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၉၈၁/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အယ်လ်ဂျာဒွဲ ၁/မကန(နိုင်)၁၀၁၄၃၃ က အမှုတွဲအမှတ် (၄၁၇၀/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ မြို့မရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၂၃/သိမ်အင်း-II၊ ဦးပိုင်အမှတ်(၅၅၁)၊ မြေကွက်အမှတ်(164)၊ မြို့မြေ၊ မြေဧရိယာ ၀ ဒသမ ၂၁၆ ဧကရှိ မြေကွက်အား ဦးဂမ်အောင် (ဘ)ဦးမောင်ဝင်း ၁/မညန(နိုင်)၁၁၃၅၉၂-ဒေါ်စည်းစိမ်စိုး (ဘ)ဦးစိုးပိုင် ၁/မညန(နိုင်)၁၇၁၉၂၈ အမည်တို့ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည် ဖြစ်ပါသဖြင့် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆိုယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဂမ်အောင် ၁/မညန(နိုင်)၁၁၃၅၉၂**
**ဒေါ်စည်းစိမ်စိုး ၁/မညန(နိုင်)၁၇၁၉၂၈**

## အမည်ပြောင်း

ဦးကောင်းထက်အောင် ၇/ပမန(နိုင်)၁၇၈၅၅၄ ၏ သမီး ပြည်မြို့ PEC ကိုယ်ပိုင် အထက်တန်းကျောင်း Grade-1 မှ မအိမ့်သွန်းရတုအား မအိမ့်မြတ်သွန်းခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိမ့်မြတ်သွန်းခင်**

## ပျောက်ဆုံးကြောင်း

ဒေါ်မြင့်သူဇာ (ဘ)ဦးသက်မောင်မောင်ဦး ၁၂/ဥကမ(နိုင်)၂၂၃၂၇၅၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၅၀၃၀၆၃**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းအုပ်စု၊ ဂုဏ်မင်းအင်းရွာအတွင်းရှိ တောင်ကျောင်းဟုခေါ်တွင်သော အရှေ့လားသော် ဦးအောင်နိုင်ဝင်း၏ အိမ်နှင့်ဝိုင်း၊ အနောက်လားသော် အိုက်တုံ၏အိမ်နှင့်ဝိုင်း၊ တောင်လားသော် ယာယီအသုံးပြုထားသော အထွက်လမ်း၊ မြောက်လားသော် ဦးအောင်သူ၏ အိမ်နှင့် ဝိုင်းတို့၏ အလား(၄)ရပ်အတွင်း တည်ရှိသော အလျားပေ ၅၀x အနံပေ ၅၀ ရှိ အိမ်ဝိုင်းခြံမြေအား မူလပိုင်ရှင်ဖြစ်သူ ဒေါ်လွင်လွင်အေး (ဘ) ဦးကျော်ငြိမ်း ၉/ပမန(နိုင်)၂၆၃၀၆၄ ထံမှ ကျွန်မ ဒေါ်ခင်နီလာအောင် (ဘ)ဦးအောင်လွင် ၁၂/မရက(နိုင်)၁၀၃၁၅၀ သည် ၂၆-၁၁-၂၀၂၃ ရက်တွင် နှစ်ဦးသဘောတူ အိမ်ဝိုင်းခြံမြေ အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အား အသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုကာ အပြီးအပိုင် ဝယ်ယူထားသည့် အိမ်ဝိုင်းခြံမြေဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။

**ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်နီလာအောင် ၁၂/မရက(နိုင်)၁၀၃၁၅၀**
**အမှတ်(၉၅)၊ သမိုင်းအောင်သိဒ္ဓိ(၃)ရပ်ကွက်**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၉၈

ဦးနေလင်းခိုင်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးထွန်းကြိုင်) နှင့် တပ်သား စိုးအောင်

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(မမ-၃)၊ ၅၁x၅၂လမ်းကြား၊ ၁၁၅x၁၁၆ လမ်းကြား၊ မြရည်နန္ဒာရပ်ကွက်နေ တပ်သား စိုးအောင်(ဘ) ဦးအောင်သန်း ( ယခု နေရပ်လိပ်စာ မသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးနေလင်းခိုင်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းကြိုင်) က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈၄-၂၈)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်း ဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆို ချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှမျိုးလွင်)
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခခ-၃၀)၊ ဦးပိုင်အမှတ် (၂၀)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်အေးအေးလွင် (ခ) နေဟွာ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ပေ (၃၀x၄၀)မြေကွက်အစိတ်အပိုင်းအား ဒေါ်အေးအေးလွင်(ခ)နေဟွာ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးစိုးတင့်)ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးအောင်က အရောင်းအဝယ်အရပ်ကတိ စာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အား ချုပ်ဆိုလိုသည့် အချိန်တွင် အချိန်မရွေးချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစပြီး ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ လာရောက် ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဒေါ်အေးအေးလွင် (ခ) နေဟွာ (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးစိုးတင့်) နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်မြင့် LL.B (Advocate ) တရားလွှတ်တော်ရှေ့နေ (စဥ်-၃၃၇၅)**
**၆၅x၆၆လမ်းကြား၊ ရေနီမြောင်းလမ်း၊ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၂၅၉၆၅၅၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၄၁၇)၊ ဦးပိုင်အမှတ် (၁၀၁-ဒ/၂)၊ ၁၉ x ၂၃ကြား၊ ၅၈ နှင့် မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရှယ်လီထွန်း (ခ) ပုပု ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၇၈၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါက်တာ ဇော်ငြိမ်းချမ်း ၉/မနမ(နိုင်)၁၁၁၄၃၈ က အမှုတွဲအမှတ် (၄၁၈၂/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၀၀)၊ ဦးပိုင်အမှတ်(၁၄)၊ ၈၈ x ၈၉ကြား၊ ၃၄ x ၃၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမိုးသွင် ၅/ကလတ(နိုင်) ၀၀၉၂၃၃၊ ဒေါ်ရီရီဝင်း ၉/ခအဇ(နိုင်)၀၇၉၇၀၆၊ ဒေါ်မိုးဖြူသဲ ၅/ကလတ(နိုင်) ၀၀၁၄၃၀၊ ဦးဝေယံမိုး ၅/ကလတ(နိုင်)၀၅၃၂၆၉၊ ဦးအာကာမိုး ၅/ကလတ (နိုင်)၀၆၆၈၂၇ တို့က အမှုတွဲအမှတ် (၄၁၈၁/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် (ဆ-၁၂)၊ ဦးပိုင်အမှတ် (၅၅)၊ ၆၈ x ၆၉ ကြား၊ ၁၀၉ x ၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ရွှေ ဒေါ်ခင်သန်းဦး၏ (SPရရှိသူ ဦးတင်မောင်ကြည်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၃၇/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်မာ (၅/မမန(နိုင်)၀၈၅၂၇၇) က အမှုတွဲအမှတ် (၄၁၇၁/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၉-၄)၊ ဦးပိုင်အမှတ် (၄၈)၊ ၅၇လမ်း၊ ၁၀၇ x ၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလောက်ဝူ(ခ)ကျော်မြင့် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၅၆၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်မောင်သိန်း ၉/မတရ(နိုင်)၁၄၂၈၅၆ က အမှုတွဲအမှတ် (၄၁၇၂/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၂)၊ ဦးပိုင်အမှတ် (၁၃၅)ခဲစင်း၊ ၇၂(အေ)လမ်း၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်တင့် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၅၄၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တူးတူး ၉/မရတ(နိုင်)၀၆၂၉၁၁ က အမှုတွဲအမှတ် (၄၁၇၄/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၂)၊ ဦးပိုင်အမှတ် (၁၃၅)ခဲစင်း၊ ၇၂(A)လမ်း၊ ၁၁၂x၁၁၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်တင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၄၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တူးတူး ၉/မရတ(နိုင်)၀၆၂၉၁၁ က အမှုတွဲအမှတ် (၄၁၇၃/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၃)၊ ဦးပိုင်အမှတ်(၄၀)ခဲစင်း၊ ၇၁(စီ)လမ်း၊ ၁၁၆x၁၁၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးချစ်ဆွေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၉၀/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သူဇာခင် ၃/မဝတ(နိုင်) ၀၂၁၀၉၄ က အမှုတွဲအမှတ် (၄၁၇၅/၂၀၂၅-၂၀၂၆) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5W/30302 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃၇

ဒေါ်မာမာသန့် နှင့် ဒေါ်မေဖြိုးဦး

**တရားလို** **တရားပြိုင်**

နန်းဦးလွင်ရပ်၊ ကျေးရွာဆေးပေးခန်းနှင့် မျက်စောင်းထိုး၊ ပိတောက်ရွှေဝါလမ်း၊ ပုသိမ်ကြီးမြို့နယ်နေ ဒေါ်မေဖြိုးဦး(ဘ)ဦးမင်းအောင် (ယခု နေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုက ၅-၁၀-၂၀၂၂ရက်စွဲပါအရောင်းအဝယ်ကတိစာချုပ်အရ မြေတန်ဖိုး ရောင်းကြေးငွေ ကျပ်သိန်း(၁၅၀)နှင့် နစ်နာကြေးငွေ ကျပ်သိန်း(၄၆၀)၊ စုစုပေါင်း ငွေကျပ်သိန်း(၆၁၀) တိတိရလိုမှုနှင့် လျှောက်ထားစွဲဆိုရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော် သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်း လိုလျှင် အမှုမဆိုင်မီလေးရက် က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေခိုင်မြင့်)
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အောင်မြေသာစံခရိုင်တရားရုံး**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အထက(၁၆)ကျောင်း (Grade -4) မှ မောင်စေရဲရင့်ပိုင် (ဘ) ဦးစည်သူခိုင်ကျော်၏ သားအမည်မှန်မှာ မောင်စေလွင်ဦး ဖြစ်ပါကြောင်း။

**မောင်စေလွင်ဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့နေ ဒေါ်သင်းသင်းလတ် ၆/မမန(နိုင်)၂၁၉၃၈၃၏ မိခင် ဒေါ်ငွေးကြည်နှင့် ဒေါ်လှငွေးကြည် ၆/မအရ(နိုင်)၀၅၀၁၂၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ အထက-သုံးမိုင်(စက်+ စိုက်+မွေး)ကျောင်း၊ Grade-7 မှ မမိုးအိမ့်သူ၏ ဖခင်အမည်မှန်မှာ ဦးဖိုးချက် ဖြစ်ပါကြောင်း။

**ဦးဖိုးချက်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၃)၊ ဦးပိုင်အမှတ်(၄၀)ခဲစင်း၊ ၇၁(စီ)လမ်း၊ ၁၁၆x၁၁၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးချစ်ဆွေထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၉၃၇/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မွန်မွန်အောင် ၅/ခဥတ(နိုင်)၀၅၉၁၁၉ က အမှုတွဲအမှတ် (၄၁၇၆/၂၀၂၅-၂၀၂၆) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၃)၊ ဦးပိုင်အမှတ်(၄၇-ခ)၊ ၇၁(B)လမ်း၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူဒေါ်ခင်မာငွေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၂၈/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးသက်ဦး ၇/ပတတ(နိုင်)၀၅၃၄၁၄၊ ဒေါ်သီတာအေး ၅/အရတ(နိုင်)၀၆၆၉၉၃တို့က အမှုတွဲအမှတ် (၄၁၇၇/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၉)၊ ဦးပိုင်အမှတ်(၃၈)၊ ၁၁၆x၁၁၇လမ်းကြား၊ ၆၄(ဒီ)လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသိန်းနိုင်ထူး ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၅၆၂/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးဖြိုးဝေလင်း ၁၃/နခတ(နိုင်) ၀၈၆၅၆ က အမှုတွဲအမှတ် (၄၁၇၈/၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၆)၊ ဦးပိုင်အမှတ် (၁၇)၊ ၆၈(စီ)လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြားရှိ ဂရန်မြေကွက်ပေါက်သူ ဦးမျိုးသူရ ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၂၅၀၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်သူ ၉/စကတ(နိုင်) ၀၈၅၅၅၉၊ ဒေါ်ဂျူးသက်ဟန် ၉/ခမစ(နိုင်)၁၀၁၄၀၃ တို့က အမှုတွဲအမှတ် (၄၁၈၀/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၀၀-၂၇)၊ ဦးပိုင်အမှတ် (၁-ည)၊ ၆၆x၆၇ကြား၊ ရေစွန့်ပစ်မြောင်းတောင်ဘက်ရှိ ဂရန်မြေကွက်ပေါက်သူ ဦးကျော်ဇင်သိန်း၏ (SPရရှိသူ ဦးဇော်မျိုးအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၇၂/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းခမ်းအိမ် ၁၃/တယန(နိုင်)၀၀၁၂၇၇ က အမှုတွဲအမှတ် (၄၁၈၃/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၈)၊ ဦးပိုင်အမှတ် (၁၈)၊ ၃၈လမ်း၊ ၈၁x၈၂လမ်းကြားရှိ ဘိုးဘမြေကွက်ပေါက်သူ ဒေါ်ရီရီလှိုင်(ခ)ရီလှိုင်(ခ) ရှောကွဲရင်၏ (GPရရှိသူ ဒေါ်လီလီမြင့် (ခ) ကူလီမင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၉၀၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအုံ့မော်မြင့် ၉/ပဥလ(နိုင်)၀၀၄၆၀၉ က အမှုတွဲအမှတ် (၀၄၅၂/ဘ(ပြောင်း)/ ၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/44636 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 33W/23076 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးထိန်ဝင်းကျော် ၉/ခမစ(နိုင်) ၀၅၅၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/76498 Waikcbar 110 M/C ယာဉ်လက် ဝယ်ရှိသူ ဦးကျော်နိုင်ဝင်း ၉/ပကခ(နိုင်) ၀၁၈၅၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၈၂၉၁ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်လင်းအောင် ၉/ပဥလ(နိုင်) ၀၄၃၀၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/63110 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မျိုးထက် ၉/အမဇ(နိုင်) ၀၉၀၉၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်
## ဦးဝင်းဖေ
### အသက် (၈၀)နှစ်

ပုသိမ်ကြီးမြို့နယ်၊ မင်္ဂလာရန်ကင်းအိမ်ရာနေ (ဒေါ်ထွေးဖြူ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဟန်ထွန်းဝင်း(ခ)ကိုစိုင်း-ဒေါ်နီလာထွန်း တို့၏ ကျေးဇူးရှင်ဖခင်ကြီး တရားလွှတ်တော်ရှေ့နေများကောင်စီ အဖွဲ့ဝင် ဦးဝင်းဖေ (၈၀)နှစ်သည် ၈-၁၂-၂၀၂၅ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၄:၂၀ နာရီခန့်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်**
**တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌနှင့်**
**တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်များ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### ( တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကျိုင်းတုံခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၀

ဦးစိုင်းထွန်းစိန် **နှင့်** ဒေါ်နန်းခမ်း
**တရားလို** **တရားပြိုင်**

အမှတ်(၄)ရပ်ကွက်၊ တိုးချဲ့ကွက်သစ်၊ ကျိုင်းတုံမြို့ (ယခုနေရပ်လိပ်စာမသိ) နေ ဒေါ်နန်းခမ်း သိစေရမည်။

သင့်အပေါ်၌၊ ဦးစိုင်းထွန်းစိန်က ကတိပဋိညာဉ်အတိုင်း မြေကွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ (၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော်၊ ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စည်သူဝင်း)**
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်-

၁။ ဒိုက်ဦးမြို့နယ်၊ အိမ်ခြေလေးဆယ်ကျေးရွာအုပ်စု၊ အိမ်ခြေလေးဆယ်ရွာရှိ ကွင်းအမှတ် ၄၁၅ᵇ၊ ကွင်းအမည် ပေါင်းတည်ကွင်း၊ ဦးပိုင်အမှတ် ၂၈/၁၊ ဧရိယာ (၀.၁၁၁မ၇၀)ကေအား ဦးစိုင်းကိုကိုအောင် ပါ (၃)ဦး အမည်ဖြင့် စက်မှုစီးပွား မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| အရှေ့လားသော် | - | ၂၈/၆ |
| အနောက်လားသော် | - | ရန်ကုန်-မန္တလေးကားလမ်း |
| တောင်လားသော် | - | ၂၈/၃ |
| မြောက်လားသော် | - | ဒိုက်ဦး-ညောင်ခါးရှည်ကားလမ်း |

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဒိုက်ဦးမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့၊ ဟိုနောင်ရပ်ကွက်၊ (မ/၉၄)နေ(ဘ)ဦးစိုင်းတင်ဝင်း ၁၃/နခန(နိုင်)၀၀၆၃၂၁၏သားဖြစ်သူ စိုင်းလောင်ခွမ်းသည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစိုင်းတင်ဝင်း**
**၁၃/နခန(နိုင်)၀၀၆၃၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/27886 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်း ၇/ကတခ(နိုင်)၀၄၆၅၇၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/14963 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၇/ကဝန(နိုင်)၀၀၄၇၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ဦးဝင်းဖေ
### အောင်ဆန်း-၇၊ တရားရေး(ငြိမ်း)
### တရားလွှတ်တော်ရှေ့နေ
### အသက်(၈၀)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ၊ တိုက်အမှတ်(C-7)၊ အခန်းအမှတ်(101) နေ (ဦးစိန်ဝင်း-ဒေါ်အုန်းတင်) တို့၏သား၊ (ဒေါ်ထွေးဖြူ) ၏ ခင်ပွန်း၊ ဦးဟန်ထွန်းဝင်း-ဒေါ်နီလာထွန်း တို့၏ ဖခင်၊ ကိုဥက္ကာဗိုလ်-မယဉ်လဲ့ဝင်း၊ မရွှန်းလပြည့် တို့၏အဘိုး ဦးဝင်းဖေ အောင်ဆန်း-၇၊ တရားရေး(ငြိမ်း) တရားလွှတ်တော်ရှေ့နေ အသက်(၈၀)နှစ်သည် ၈-၁၂-၂၀၂၅ရက် မွန်းလွဲ ၂:၂၀နာရီခန့် တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန် ရစ်သောရုပ်ကလာပ်ကို ၁၀-၁၂-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ပုသိမ်ကြီးမြို့နယ်၊ ရေထွက် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာဖြင့် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးမျိုးအောင် ၁/မကန (နိုင်) ၁၂၈၀၁၃ ၏ ပတ်စ်ပို့နံပါတ် (MF-613551) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၄၃၁၂၃၅၆၄**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး ရပ်ကွက်၊ နယ်မြေ (၁၂)၊ အမှတ် (၃၃၄) နေ မမေရီဆိုင်းပန် ၁/မကန(နိုင်)၃၀၅၇၉၀ ၏ ဖခင်အမည်မှန်မှာ ဦးဂျန်မာဒွဲဝါ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ ဘုရင့်နောင် လမ်း၊ အမှတ်(၃၄/အေ-၁)၊ မြေညီထပ်(ခေါင်းရင်းခန်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်း ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်နိုင် (၁၂/မဂတ(နိုင်)၁၁၀၈၃၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာထွေး(၁၂/ဒဂရ(နိုင်)၀၀၂၃၀၁)က အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည်ရက်မှ စ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ပိုင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင်(LL.B)၊** | **ဒေါ်ခင်စောသိန်း(LL.B)၊** | **ဒေါ်သိမ့်သဥ္ဇလီ(LL.B, LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၁၂)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်(၄၆၀)နေ ဦးမျိုးမင်းပိုင် (၁၂/ကခက(နိုင်)၀၉၄၉၁၃)၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၃)၊ ပန်းခြံ (၂)လမ်း၊ မြေကွက်အမှတ် (၃၁၉)၊ အကျယ်အဝန်း အလျား(၄၀)ပေx အနံ(၆၀) ပေရှိ ဦးအောင်ဝင်း အမည်ပေါက် ပါမစ်အမျိုးအစားမြေကွက်မှ တရားဝင် မခွဲစိတ်ရသေးသော (အမှတ်-၃၂၀နှင့်ကပ်လျက်) အလျား(၂၀)ပေx အနံ(၆၀)ပေရှိ ပါမစ်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ် တို့အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသော ဦးတင်အောင် (၁၁/သတန (နိုင်)၀၁၆၉၃၇) ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက် အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမျိုးမင်းပိုင်** | **ဒေါ်နုနုလှိုင်(LL.B) (D.B.L)(D.I.P.L)** |
| **(၁၂/ကခက(နိုင်)၀၉၄၉၁၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ် -၁၅၂၂၃)** |
| | **(၂၇-၁၂-၂၀၁၈)** |
| | **အမှတ်(ခ/၇၅၀)၊ ဗေဒါ(၂)လမ်း၊** |
| | **ဒဂုံမြို့သစ်/အရှေ့ပိုင်း၊ ဖုန်း-၀၉-၂၅၀၆၅၈၃၃၆** |

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 71W/18936, ZHINENG 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သီဟ ၁၄/ပသန(နိုင်)၃၀၈၀၂၈ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6W/85562, Honda Dream C 100 MP M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြသန်း ၁၄/ပသန(နိုင်) ၀၄၅၅၃၁ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဝါဝါသိင်္ဂီစိုး
### ပညာရင်ခွင် စာသင်ဝိုင်း
### အသက်(၅၀)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်အမှတ်(၅၃)၊ အခန်း(၁၉)(၄)လွှာနေ ဦးစိုးမြင့်ဦး-ဒေါ်ခင်အုန်းမြင့် တို့၏သမီး၊ ဦးအောင်သန်း-(ဒေါ်သက်လျာရွှေရည်ဦး) တို့၏သမီးချွေးမ၊ ဦးအုပ်စိုး-ဒေါ်စောသက်လျာနိုင် တို့၏ ညီမ၊ ဦးကြည်ငြိမ်းဟံ၏ ချစ်လှစွာသောဇနီး၊ မောင်နန္ဒာအောင်၊ မောင်ဟိန်းသုတနိုင် တို့၏အဒေါ်ဖြစ်သူသည် ၉-၁၂-၂၀၂၅ရက်(အင်္ဂါနေ့) ညနေ ၅ နာရီတွင် (၉၆)ပါး သောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၁၂-၂၀၂၅ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်အအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၂-၂၀၂၅ရက်(တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကျိုင်းတုံခရိုင်တရားရုံးတော်
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၉

ဒေါ်ကျန်းကြိုကြီး **နှင့်** ၁။ ဦးဟောင်ခမ်း
၂။ လူးရှဲန်
၃။ အိုက်ဆော့
**တရားလို** **တရားပြိုင်များ**

အမှတ်(၄)ရပ်ကွက်၊ ယမ်းကုန်းရပ်၊ ကျိုင်းတုံမြို့(ယခုနေရပ်လိပ်စာမသိ) နေ (၁)တရားပြိုင် ဦးဟောင်ခမ်း၊ (၂)တရားပြိုင် လူးရှဲန် ၊ (၃)တရားပြိုင် အိုက်ဆော့တို့သိစေရမည်။

သင့်အပေါ်၌ ဒေါ်ကျန်းကြိုကြီးက ကတိပဋိညာဉ်အတိုင်း မြေကွက် အရောင်း အဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၁၆ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လ ပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စည်သူဝင်း)**
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/6039 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး သွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်-၂၈/သုမင်္ဂလာ၊ ဦးပိုင်အမှတ်-၄၄၊ ဧရိယာ(၀ဒသမ၀ ၉၈) ဧကရှိ ဂရန်မြေကွက်အား ပြင်ဦးလွင်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန် အမှုတွဲအမှတ် ၄၂၇/၂၀၁၉-၂၀၂၀ အရ ဂရန်အမည်ပေါက်သူ ရရှိထားသူ ဒေါ်ထွေးထွေး ၉/မရမ(နိုင်)၀၄၆၁၁၃ထံမှ မှတ်ပုံတင် အရောင်း အဝယ် စာချုပ်ချုပ်ဆိုကာ တရားဝင်အမည်ပေါက် ပိုင်ဆိုင်ခွင့် ရရှိနိုင်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသပေးချေကာ ဝယ်ယူ ခဲ့ပြီး ဖြစ်ပါသည်။သို့ပါ၍ ဖော်ပြပါ ဂရန်မြေကွက်နှင့် စပ်လျဉ်းပြီး တရားဝင် ပိုင်ဆိုင်ခွင့်/အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုသည် ယနေ့မှစ၍ (၁၅) ရက် အတွင်း ပိုင်ဆိုင်မှု မြေဂရန်မူရင်းနှင့် စာချုပ်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် သက်ဆိုင်ရာရုံးဌာန အသီးသီးတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသည့် နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးပပဝင်း (LL.B,D.B.L,WIPO(Switzerland))**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၈၂/၂၀၁၂)**
**အခန်းအမှတ်(၂၄)၊ YMCA တိုက်ခန်း၊ မန္တလေး-လားရှိုးလမ်းမကြီး၊**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၅၀၁၂၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇) ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၆၁၃) (ခေါင်းရင်းဘက်ခြမ်း) ( ၂၀ x ၆၀) ပေ အကျယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ရေ၊ မီးနှင့် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ဝင်းဇာခြည်မျိုး (၁၂/ဗဟန(နိုင်)၀၉၃၃၇၇) မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးတင်ကိုကိုလွင် (၁၂/ဒဂန(နိုင်)၀၂၅၁၂၂)နှင့် ဒေါ်မျိုးမမလွင် (၁၂/ဒဂန(နိုင်)၀၂၅၁၂၃) တို့ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသုထက်ကျော်လွင် (အထက်တန်းရှေ့နေ စဉ်-၄၉၅၀၂/၂၀၁၈)**
**အမှတ်(၃၃)၊ မြသီရိလမ်း၊ မြသီတာရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ - ၉၆၉၆၀၇၀၀၆**

## ဖခင်အမည်မှန်

ကာမိုင်းမြို့၊ မဂေါင်းတောင် ကျေးရွာ၊ အမက (မဂေါင်းတောင်) ကျောင်း Grade-4 မှ မောင်အွန်နီး၊ မအွန်ဂျူး၊ မစီသားတို့၏ ဖခင် အမည်မှန်မှာ ဦးနာရ်ဗဟာဒူး ၁/ကမန (နိုင်) ၀၆၂၇၂၃ ဖြစ်ပါကြောင်း။

## အမည်ပြောင်းနှင့် မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက (ရွှေစက်)၊ Grade-2 မှ မောင်ဂွါ ဆီးဂူအား မောင်လယ်ယောနသန် ဟု အမည်ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ မိဘအမည်မှန်မှာ ဦးရန် ပိုင်ထွေး ၁/မကန(နိုင်) ၁၇၁၇၅၅ နှင့် ဒေါ်မိုးမိုး ၁/မကန(နိုင်) ၁၂၂၈၉၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မိတ္ထီလာမြို့၊ ရန်မျိုးအောင် ရပ်ကွက်၊ နယ်မြေ(၉)၊ အောင်ချမ်းသာ(၁)လမ်းနေ အရှေ့လားသော်- ဦးဇော်မင်း နေအိမ်၊ အနောက်လားသော် ဒေါ်ချေးမော်-နေအိမ်၊ တောင်လားသော် - ဒေါ်သန်းညွန့် နေအိမ်၊ မြောက်လားသော် အောင်ချမ်းသာ(၁)လမ်း၊ ၎င်းအလား(၄)ရပ် အတွင်းရှိ ဦးမြင့်စိုး (၉/မထလ(နိုင်)၁၆၈၇၈၃) မှ (အလျား ၂၁'-၀"x အနံ ၃၈'-၀") RC (၂)ထပ်Slab အမိုး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်း အဆောက်အအုံ ဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာ တင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများ ယူဆောင် လာ၍ မိတ္ထီလာမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်**
**စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 84W/62933 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသူဝင်း ၅/ပလန(နိုင်)၀၇၀၇၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ခရိုင်ရုံး (ကျောက်ဆည်) သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/11287 ယာဉ်လက်ဝယ်ရှိသူ ဦးမိုဟာမက်အားဖ် (ခ)မင်းဇော် ၁/မကန(နိုင်)၁၈၀၉၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မြစ်ကြီးနား)**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးလီရှင်မြိ၏သမီး ကျွန်မ မလီဆျူးချို ၁၃/ကလတ(နိုင်) ၀၅၆၀၈၂ ကိုင်ဆောင်သည့် နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉- ၇၇၉၈၂၈၀၃၈**

❖ **ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်နိုင်မည့်သူများ ဖြစ်ရန်လို...**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**


# (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရိုးရာခြင်းလုံး၊ ကွင်းသွင်းခြင်းခတ်နှင့် ခရစ်ကတ်(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ကျင်းပ

**ဘန်ကောက် ဒီဇင်ဘာ ၉**

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်းနှင့် ခရစ်ကတ် (အမျိုးသား၊ အမျိုးသမီး) အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိသက်ဆိုင်ရာအားကစားကွင်း၊ အားကစားရုံများ၌ ကျင်းပသည်။

ဘန်ကောက်မြို့ရှိ Nakhonpathom Sport Center ၌ ကျင်းပလျက်ရှိသည့် ရိုးရာခြင်းလုံး အမျိုးသမီးပြိုင်ပွဲ အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းမှ အားကစားသမား မအေးအေးသန့်၊ မသဲသဲ၊ မစုတွယ်တာ၊ မမှုံနံ့သာ၊ မမေဦးခင်၊ မယဉ်မင်းသွယ်၊ မနှင်းအိမ်စည်နှင့် မခိုင်သဇင်ဖြိုးတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး မြန်မာအမျိုးသား အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် Linking (Event 3) ပြိုင်ပွဲတွင် မောင်မင်းသစ္စာအောင်၊ မောင်အောင်မြင့်မြတ်၊ မောင်ခန့်ဝင်းဟိန်း၊ မောင်ဝေယံဖြိုး၊ မောင်ရဝေအောင်၊ မောင်ဇော်လင်းမောင်၊ မောင်ရှုဝံကျော်၊ မောင်အောင်ပြည့်ဖြိုးဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည်။ (ယာပုံ)

*စာမျက်နှာ ၁၃ ကော်လံ ၁* ❂




## (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ခမ်းနားစွာကျင်းပ

ဘန်ကောက် ဒီဇင်ဘာ ၉

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (Southeast Asian Games – SEA Games) ဖွင့်ပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ပရိသတ် ၅၀၀၀၀ ကျော် ဝင်ဆံ့သည့် ရာဇမန်ဂလာအားကစားရုံ၌ ထိုင်းယဉ်ကျေးမှုများနှင့် ခေတ်မီဆန်းသစ်တီထွင်မှုတို့ ပေါင်းစပ်ကာ ဒီဇင်ဘာ ၉ ရက် ညပိုင်းက ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ✳



## ယနေ့ သတင်းအညွှန်း


မန်ယူက ဗာနန်ဒက်စ်ခြေစွမ်းပြသွင်းဂိုးများနှင့်အတူ တန်းဆင်းဇုန်အောက်ဆုံးက ဝုဖ်ကို ဂိုးပြတ်အနိုင်ရ — ပြည်တွင်းသတင်း | စာ - ၁၃

KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ဆောင်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ထပ်မံတွေ့ရှိ — ပြည်တွင်းသတင်း | စာ - ၁၇

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ — ပြည်တွင်းသတင်း | စာ - ၁၉

ပြင်ဦးလွင်မြို့နယ်၌ ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့သယ်ဆောင်မည့် ငွေကျပ် ၁၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၈၅ သိန်းကျော် ဖမ်းဆီးရမိ — ပြည်တွင်းသတင်း | စာ - ၂၀